မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၄)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၀၉)ဦးတို့ တက်ရောက်ကြသည်။

အစီရင်ခံစာတင်သွင်းခြင်းနှင့်ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ဂျပန်နိုင်ငံ JICA ချေးငွေ(ယခင် OECF ချေးငွေ)ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်သွင်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကတင်ပြသည့် ဂျပန်နိုင်ငံ JICA ချေးငွေရှင်းလင်းခြင်းနှင့် သက်ဆိုင်သည့် ဂျပန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ပေါင်းကူးချေးငွေ(Bridge loan) ချေးယူခြင်းနှင့် JICA မှ သက်သာသောချေးငွေ (ODA Loan) ချေးယူခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုဆွေးနွေးခြင်းကဏ္ဍ ၌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၏ **လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးရန်** အဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမှတ်ကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်နှင့် ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းတို့က ဆွေးနွေးကြရာတွင် လယ်ယာမြေသိမ်းဆည်းခံရမှုများတွင် မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုဇုန်များ တည်ဆောက်ခြင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံတော်စီမံကိန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာများချထားပေးခြင်းအတွက် သိမ်းဆည်းခြင်းများကြောင့် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိသွားသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ○

ကျုံးရေပြင်သန့်ရှင်းရေး ရေမှော်ပင်များဆယ်ယူ

မန္တလေး ဇူလိုင် ၂၄

မန္တလေးမြို့ သန့်ရှင်းသာယာလှပရေး၊ မြို့နေ ပြည်သူများ စိတ်ချမ်းသာရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံ လုပ်ငန်းကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက မန္တလေးမြို့ ကျုံးပတ်လည်ရေပြင် သန့်ရှင်းစေရေးအတွက် Aquamarine မှော်ဆယ်စက်ကြီးများ၊ မှော်ဆယ်လုပ်သားများဖြင့် ရေမှော်နှင့် အမှိုက်များ ဆယ်ယူရှင်းလင်းလျက်ရှိသည်။ **(အပေါ်ပုံ)**

မန္တလေးမြို့နေ ပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် ရေနှင့် သန့်ရှင်းမှုဌာနက အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၂၄ လမ်း၊ လမ်း ၈၀ မှ ၈၅ လမ်းအတွင်းနှင့် ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ လမ်း ၇၀ မှ ၇၃ လမ်းအတွင်း၊ ၇၄ လမ်း၊ လမ်း ၃၀ မှ ၃၅ လမ်းအတွင်း ကျုံးရေပိုက်လိုင်းများချထားပြီး နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နေထိုင်ပိုင်ဆိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာများ ပူးတွဲတင်ပြ၍ ဆက်သွယ်ခွင့်လျှောက်ထားနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

နေဂြိုဟ်၏ရောင်ခြည်ဖြာထွက်မှုများကို လေ့လာရန် နာဆာက လေ့လာရေးယာဉ်စေလွှတ်မည်

အာကာသဟင်း – ရေးသားသည်

ဝါရှင်တန် ဇူလိုင် ၂၄

နေဂြိုဟ်ကိုလေ့လာနိုင်ရန်အတွက် နာဆာမှ အာကာသလေ့လာရေးယာဉ်တစ်စင်းကို စေလွှတ်ရန် စီစဉ်နေကြောင်း၊ နေဂြိုဟ်နှင့် နီးနိုင်သမျှ အနီးသို့ ချဉ်းကပ်လေ့လာသွားမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။ ***(ယာပုံ)***

နေဂြိုဟ်မှ ဖြာထွက်လာသော စူးရှပြင်းထန်သည့် အလင်းတန်းများကို လေ့လာနိုင်ရန်အတွက် ဆူမီဟုခေါ်သော လေ့လာရေးခရီးစဉ်တစ်ခုကို နာဆာက စီစဉ်လျက်ရှိသည်။

နေဂြိုဟ်၏ ရောင်ခြည်ဖြာထွက်မှုစက်ဝန်းအတွင်း ထူးခြားဖြစ်စဉ်များကိုလည်း လေ့လာသွားမည်ဖြစ်သည်။ အဆိုပါ စူးရှပြင်းထန်သော ရောင်ခြည်ဖြာထွက်မှုများသည် ကမ္ဘာ့အပေါ်ယံလွှာ လေထုအတွင်း ကျရောက်မှုနှင့် ကမ္ဘာမြေပေါ် ရိုက်ခတ်ဖြစ်ပေါ်မှုအခြေအနေများကိုလည်း လေ့လာသွားရန် စီစဉ်ထားသည်။ ထို့အပြင်နေဂြိုဟ်၏ ရောင်ခြည်ဖြာထွက်မှုကြောင့် ဖြစ်ပေါ်လာသော နေစွမ်းအင် သံလိုက်စက်ကွင်းများ ဖြစ်ပေါ်မှုကိုလည်း အဆိုပါလေ့လာရေးယာဉ်က သုတေသနပြုလေ့လာသွားမည်ဖြစ်သည်။ ***(အင်တာနက်)***



ကွမ်းဈေးမြင့်လာသော်လည်း ကွမ်းစားသူတို့အတွက် ဈေးမတက်

ရန်ကုန် ဇူလိုင် ၂၄

သတင်းနှင့်ဓာတ်ပုံ – ဇင်ကိုကိုထက်

ဝါဆိုဝါခေါင်ရေဖောင်ဖောင် ဆိုသည့် စကားနှင့်အညီ မိုးရေကများ၊ မြစ်ရေက တိုးလာသည့်အတွက် ယခင် ကမ်းနားသဲသောင်ပြင်တစ်လျှောက် မြစ်ရေများ ပြည့်လာခဲ့ပြီ ဖြစ်သည်။

ပန်းတနော်၊ ညောင်တုန်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း တစ်လျှောက် ကွမ်းခြံများကလည်း “မိုးရေ တက်ရေ တဖွေးဖွေး” ဆိုသကဲ့သို့ ရေများပြည့်လျှံနေသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

25-7 (01).pmd 1 7/25/2012, 1:59 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၂၅ ရက်)

ဘဝရထားကြီး ပျော်ပျော်စီး

ခရီးသည်တင်ရထားကြီးသည် ရန်ကုန်မှ အထက်အညာ မန္တလေးမြို့သို့ဆန်၍ ခုတ်မောင်းထွက်ခွာလာ၏။ ရထားကြီးနှင့်အတူ အလုပ်သမား၊ လယ်သမား၊ တပ်မတော်သား၊ ကျောင်းသား၊ ကုန်သည်၊ ဝန်ထမ်းစသည်ဖြင့် စီးနင်းလိုက်ပါလာကြ၏။ ရထားခရီးသည်အားလုံးသည် မန္တလေးအထိ ခရီးဆုံး လိုက်မည့်သူများ ပါချင်ပါမည်။ သို့တည်းမဟုတ် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနားဆင်းမည့်သူများလည်း ပါချင်ပါမည်။

ရထားစီးသူများအတွက် ခရီးမှာ လမ်းတစ်ဝက် သို့မဟုတ်၊ ခရီးဆုံးရောက်ခါနီးဖြစ်ချင်ဖြစ်မည်။ မန္တလေးအထိလိုက်ပါမည့်သူများလည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ဖြစ်စေ ရထားကြီးနှင့်အတူ လိုက်ပါလာသောခရီးသည်အားလုံး၏ တူညီသောဆန္ဒမှာ ခရီးကို ချောချောမောမောရောက်ရှိရေးပင်ဖြစ်၏။

သို့သော် ခရီးသည်တင်ရထားကြီးနှင့်အတူ လိုက်ပါလာကြကုန်သော ခရီးသည်များတွင် အချို့က တောတောင်လယ်ကွင်းများကို စူးစမ်းလေ့လာလျက်၊ အချို့ကအိပ်ငိုက်လျက်၊ အချို့မှာမူ ဟိုဟိုဒီဒီကြည့်ကာ တွေဝေ ငေးမောလျက် လိုက်ပါလာကြကုန်၏။ မည်သို့ပင်ဖြစ်စေ ခရီးသည်အားလုံးတို့သည် မိမိတို့သွားလိုသော ဘူတာသို့ဆိုက်ရောက်ခါနီးတွင် ကြိုတင်ပြင်ဆင်ကြရ၏။ မိမိနှင့်လိုက်ပါလာသောသူ သားသမီး မိဘဆွေမျိုးများ ကွဲမကျန်ရစ်စေရန်သော်လည်းကောင်း၊ ပစ္စည်းပစ္စယများမေ့မကျန်စေရန်သော်လည်းကောင်း ကြိုတင်ပြင်ဆင်ကြရ၏။ ကြိုတင်ပြင်ဆင်ခြင်းမရှိဘဲ ဘူတာရောက်မှ ကသုတ်ကရက်ဆင်းသွားသဖြင့် ပစ္စည်း မေ့ကျန်သူများ၊ ကလေးပျောက်သူများရှိတတ်ကြ၏။ ထို့ကြောင့် ဘူတာမဆင်းမီ ကြိုတင်ပြင်ဆင် ကြရ၏။

ထို့အတူ ကျွန်ုပ်တို့အားလုံးသည်လည်း ရထားစီးခရီးသွားများနှင့်တူပေသည်။ လူသားအားလုံးတို့ သည် ဘဝရထားကြီး ပျော်ပျော်စီးလျက် လိုရာခရီးကိုနှင်နေကြရ၏။ အချို့က ခရီးစတင်ထွက်ခွာစ၊ အချို့ကား လမ်းခုလတ်၊ အချို့ကား ခရီးလမ်းဆုံးသို့ရောက်တော့မည်ဖြစ်၏။ ခရီးအစမှထွက်ခွာလာကြသူများသည် ရှေ့ခရီးတွင် မည်သို့သောအခက်အခဲများ ကျော်လွှားရမည်ကို ကြိုတင်ပြင်ဆင်ထားဘိ သကဲ့သို့ ကျွန်ုပ်တို့အားလုံးသည်လည်း အနာဂတ်ခရီးအတွက် ကြိုတင်ပြင်ဆင်ထားသင့်၏။ သို့မှသာ ဘဝခရီးလမ်း သည် သာယာဖြောင့်ဖြူးနိုင်၏။ လမ်းခုလတ်သို့ရောက်နေကြသူများသည်လည်း ထိုနည်းတူစွာပင်ဖြစ်၏။ ဖြတ်သန်းလာခဲ့သော ဘဝခရီးလမ်းတွင် မည်သို့သောအခက်အခဲများကို ကျော်ဖြတ်ခဲ့ရသည်၊ ရှေ့ဆက်ပြီး မည်သို့ကောင်းအောင်ကြိုးစားပြင်ဆင်မည် စသည်ဖြင့် ပြင်ဆင်သင့်ကြ၏။ သို့မဟုတ်ပါမူ ဘဝခရီးလမ်းသည် အခက်အခဲများကိုကြုံတွေ့ရဖွယ်ရှိသည်။

အလားတူ ဘဝခရီးလမ်းဆုံး ရောက်ကြတော့မည့်သူများအနေဖြင့်လည်း မိမိတို့ဖြတ်သန်းလာခဲ့ရသော ခရီးတွင် မိမိအတွက်သော်လည်းကောင်း၊ အများအတွက်သော်လည်းကောင်း မည်၍မည်မျှ ကောင်းကျိုး အဖြာဖြာကို ဖြည့်ဆည်းပေးနိုင်ခဲ့သနည်းဟူ၍ ပြန်လည်သုံးသပ်သင့်၏။ တစ်စုံတစ်ခုသော ကောင်းကျိုး ကို ဖြည့်ဆည်းပေးနိုင်ခဲ့မှသာလျှင် လူ့ဘောင်ကောင်းကျိုး သယ်ပိုးရာရောက်ပေလိမ့်မည်။ လူ့ဘောင် လောကတွင် သမိုင်းပေးတာဝန်ကျေပွန်သူဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဘဝခရီးမဆုံးမီ ကျန်ရှိနေသော အချိန်လေးတွင် မိမိတတ်စွမ်းသမျှ အစွမ်းကုန်ပေးဆပ်ကြိုးစားအားထုတ်သွားသင့်ပေသည်။

သို့ပါသောကြောင့် ရထားစီးခရီးသွားများသည် မိမိတို့လိုရာခရီးကို ချောမွေ့စွာရောက်ရှိစေရန် ပြင်ဆင်ကြရသကဲ့သို့ လူသားအားလုံးတို့သည်လည်း ဘဝရထားကြီးစီးလျက် ဘဝဘူတာသို့ မရောက်မီ ပြင်ဆင်ကြရ၏။ အချို့စတင်ထွက်ခွာဆဲ၊ အချို့လမ်းခုလတ်၊ အချို့လမ်းဆုံးသို့ရောက်ကြတော့မည်ဖြစ်၏။ လိုရာခရီးသို့မရောက်မီ မိမိအတွက်သော်လည်းကောင်း၊ အများအတွက်သော်လည်းကောင်း အစွမ်းကုန် ကြိုးစားပြင်ဆင်အားထုတ်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

ကွင်းဆင်းဆောင်ရွက်

ပြည်ခရိုင် ပေါင်းတည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဦးစီး အရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ ဇူလိုင် ၁၈ ရက်က မင်းကွက်အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြို့နယ်လဝက)

Private Funding ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

Japan International Cooperation Agency (JICA) ၏ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင် ဆောင်ရွက်လုပ်ရှားမှုများနှင့် သက်ဆိုင်သည့်ကိစ္စ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အခြေခံအဆောက်အအုံလုပ်ငန်း စီမံကိန်းများအတွက် ဘဏ္ဍာရေး လိုငွေများ ရရှိသုံးစွဲနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ မြဝတီဘဏ်မှ ကျောင်းအုပ်ကြီး ဦးမောင်မောင်အေး တို့သည် ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA) မှ Executive Advisor to the Director General, Mr. Murata Osamu နှင့် Daiwa Institute of Research မှ Managing Director, Mr. Hironaka Takada တို့နှင့် ဇူလိုင် ၂၀ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအား Private Funding ကိစ္စနှင့်စပ်လျဉ်း၍ အသိပညာပေးနိုင်ရေးအတွက် ဆွေးနွေးဟောပြောပွဲတစ်ခုကို ဩဂုတ် ၁၀ ရက်တွင် အသင်းချုပ်နှင့် ပူးပေါင်းကျင်းပရန်ကိစ္စလည်း ပါဝင်ခဲ့ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ခြေလျင်တောင်တက်အကြောင်းဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲပြသ

ရန်ကုန် ဇူလိုင် ၂၄

ကျိုင်းတုံတက္ကသိုလ် ခြေလျင်နှင့်တောင်တက်ဆပ်ကော်မတီက ကြီးမှူး၍ ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်း စရာဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံတက္ကသိုလ် (င) ဆောင် ခေမရဋ္ဌခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံတက္ကသိုလ်အားကစားပြိုင်ပွဲများ ကျင်းပရေးဦးစီးကော်မတီနာယက ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေရီသိမ်းက အမှာစကားပြောကြားသည်။ ထို့နောက် ခြေလျင်နှင့် တောင်တက်ဆပ်ကော်မတီ ဥက္ကဋ္ဌ သင်္ချာဌာနမှပါမောက္ခဒေါက်တာသီတာဦးက ခြေလျင်နှင့် တောင်တက်အသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခြေလျင်နှင့်တောင်တက်ဆပ်ကော်မတီအတွင်းရေးမှူး ပထဝီဝင်ဌာနမှ ကထိကဒေါ်နီနီအေးက ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်းစရာများနှင့် စာရာမေတိရေခဲတောင် တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် သင်ကြားရေးဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် ခြေလျင်တောင်တက်အကြောင်း ဓာတ်ပုံပြပွဲကို ကြည့်ရှု လေ့လာကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

ထီးချိုင့် ဇူလိုင် ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အခြေခံပညာ အလယ်တန်းအဆင့် အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ထီးချိုင့်မြို့ အထကကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေက အမှာစကားပြော ကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ခင်မာမြင့်က အခွန်ဆိုင်ရာသိကောင်းစရာ များကို ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

နားမကြားကျောင်းသူလေး တက္ကသိုလ်ဝင်တန်းအောင်

မန္တလေး ဇူလိုင် ၂၄

မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်းမှ ကျောင်းသူလေးတစ်ဦး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည်။ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သီတာအေးအကွက်(၉၀၂) ချမ်းမြသာစည် တောင်ရပ်ကွက် မြနန္ဒာအိမ်ရာလမ်းနေ ဦးကြည်လွင်-ဒေါ်အေးအေးယုတို့၏သမီး မနေရည်လင်းသည် ၂၀၁၁-၂၀၁၂ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် မနတ-၂၃၃၃ ဖြင့် ဝင်ရောက် ဖြေဆိုရာ အောင်မြင်ခဲ့သည်။ မနေရည် လင်းသည် သူငယ်တန်းမှ စတုတ္ထတန်း အထိ မန္တလေးမြို့ နားမကြားသောကလေး များကျောင်းတွင်လည်းကောင်း၊ ပဉ္စမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ ချမ်းအေးသာစံ မြို့နယ် အမှတ်(၂၂) အခြေခံပညာအထက် တန်းကျောင်းတွင် ပညာသင်ယူခဲ့သည်။ မနေရည်လင်းသည် မွေးရာပါနားမကြား သော ကျောင်းသူလေးတစ်ဦးဖြစ်ပြီး ဆရာ ဆရာမများသင်ကြားပေးမှုကို အသိစိတ် ဖြင့် သင်ခန်းစာများအား အလွတ်ကျက်မှတ် ရေးကျင့်ကာ ဖြေဆိုအောင်မြင်ခဲ့သူဖြစ် ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မင်းလှ၌ အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေး

မင်းလှ ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ရေနံလက်ယက်တွင်းတူးဖော်ထုတ်လုပ်သူများအား မကွေးတိုင်းဒေသကြီး အခွန်ဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ လုပ်ငန်း ခွန်နှင့် ပတ်သက်၍ ဝန်ကြီးဌာနမှ ပြုပြင်ပြောင်းလဲလိုက်သော အမိန့်ကြော်ငြာစာများ ကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲက ရှင်းလင်းဆွေးနွေးပြီး ပေးဆောင်ရမည့် အခွန်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရေနံ လက်ယက်တွင်းတူးဖော်သူ လုပ်ငန်းရှင်များ တက်ရောက်ကြခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဘဏ်ချေးငွေများ ထုတ်ချေး

မိုးညှင်း ဇူလိုင် ၂၄

မိုးညှင်းမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် ဘဏ် ချေးငွေများကို တစ်ဧကလျှင်ငွေကျပ် ငါးသောင်းနှုန်းဖြင့် ဇူလိုင် ၁၈ ရက်အထိ ကျေးရွာအုပ်စု ၂၉ အုပ်စုမှ တောင်သူ ၄၅၃၁ ဦးတို့အား ငွေကျပ် ၁၇၀၇၂သိန်း ထုတ်ပေးခဲ့ပြီး ယခုနှစ်အတွက် ငွေကျပ် သိန်းပေါင်း ၂၅၇၄၃ ထုတ်ချေးရန် လျာ ထားသည်။

စုဆောင်းအပ်ငွေများကိုလည်း ပြန် လည်ထုတ်ပေးလျက်ရှိရာ တောင်သူ ၄၀၄၀ သို့ ငွေကျပ် ၂၆၂၃ဒသမ ၃ သိန်း ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

ခင်ဦးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ခင်ဦး ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကံသစ်ကျေးရွာအုပ်စုကံသစ် ရွာမကွင်းအတွင်းရှိ တောင်သူ ဦးချိုငွေး၏ နွေစပါးစိုက်ခင်း၌ မြို့နယ်မြေစာရင်းဦးစီး ဌာနမှူး ဦးစိန်ကောင်း၊ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၁ ရက်က နွေစပါးစံကွက်ရိတ်သိမ်းခဲ့ ကြရာ အစိုအထွက်နှုန်း ၁၀၅ ဒသမ ၄၃ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

စုပေါင်းသစ်ပင်စိုက်ပျိုး

ကျုံပျော် ဇူလိုင် ၂၄

ကျုံပျော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီး ဌာနတို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်က စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျုံပျော်-အင်းရဲလမ်းဘေးဝဲယာတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည် ကြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစိုးရီ၊ နယ်မြေတာဝန်ခံ ဦးကျော်ဝင်းနိုင်နှင့် သစ်တောဝန်ထမ်း များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကျွန်း ၃၀၀၊ မဟော်ဂနီ ၅၀၊ ပျဉ်းကတိုး ၅၀၊ ယူကလစ် ၁၀၀၊ ပျဉ်းမ ၁၀၀ စုစုပေါင်းအပင် ၆၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(မြို့နယ်သစ်တော)

○ ရှေ့ဖုံးမှ

တောင်သူလယ်သမားများကလည်း ဥပဒေကြောင်းအရ တရားဝင်မှု/ မဝင်မှု အကျိုးဆက်တို့အပေါ် နားမလည်ဘဲ မိရိုးဖလာအစဉ်အဆက် လုပ်ကိုင်စားသောက်နေကြခြင်းဖြစ်ပါကြောင်း၊ ကျေးရွာမြေယာကော်မတီကလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နှစ်ပေါင်းများစွာက ဓားမဦးချ လုပ်ကိုင်ခဲ့ပြီး လုပ်ကိုင်ခွင့်မလျှောက်ထားခဲ့သော တစ်နည်းအားဖြင့် လျှောက်ထားရကောင်းမှန်းမသိခဲ့သော တောင်သူလယ်သမားများမှာ ခွင့်ပြုမိန့်ဟူသောအကြောင်းပြချက်ဖြင့် ကျူးကျော်သူအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါကြောင်း၊ ခွင့်ပြုမိန့်လျှောက်ထားရာတွင် အမှန်တကယ်မြေလွတ်မြေလပ်များမဟုတ်ဘဲ အဆင့်ဆင့်တာဝန်ရှိသူများက ထောက်ခံပေးမှုကြောင့် ခွင့်ပြုမိန့်ကျလာသူများက နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သောတောင်သူများကို နစ်နာကြေး တစ်စုံတစ်ရာမပေးဘဲ တရားစွဲဆိုဖယ်ရှားမှုကြောင့် နေရာအနှံ့တွင် တောင်သူများ နစ်နာဆုံးရှုံးမှုများကို တွေ့ရှိရပါကြောင်း။

ထောက်ခံဆွေးနွေး

လယ်ယာမြေများ သိမ်းယူရာတွင် လိုအပ်ချက်၏ အနည်းဆုံးဧရိယာ၊ စိုက်ပျိုးမြေထိခိုက်မှုအနည်းဆုံးနှင့် စိုက်ပျိုးခြင်းမရှိသော မြေလွတ်၊ မြေရိုင်းများကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ပိုင်ခွင့်ချထားပေးသင့်ပါကြောင်း၊ နည်းအမျိုးမျိုးဖြင့် သိမ်းဆည်းထားသည့် လယ်ယာမြေများကို သိမ်းဆည်းရသည့်အခြေခံအကြောင်းအရင်းကို စုံစမ်းဖော်ထုတ်ပေးရန်၊ သိမ်းဆည်းခံမြေများ၌ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ/မရှိ၊ ပိုင်ရှင်များမှာ မူလပိုင်ရှင် အစစ်ဟုတ်/မဟုတ်၊ ဆုံးရှုံးမှုများကို ဆောင်ရွက်ပေးထားခြင်း ရှိ/မရှိ လေ့လာစုံစမ်းဖော်ထုတ်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမှန်ကိုအမှန်အတိုင်း ဆောင်ရွက်ပေးမည့်သူများအား ရွေးချယ်တာဝန်ပေး၍ နယ်မြေဒေသအထိ ကွင်းဆင်းပြီး အောက်ခြေ ပြည်သူလူထုအတွင်းဖြစ်စဉ်များကို လေ့လာစုံစမ်းဖော်ထုတ်ကာ အမှန်တကယ်ပိုင်ဆိုင်သည့် တောင်သူလယ်သမားများအတွက် နစ်နာမှုမရှိစေရေးအတွက် တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင်ရပ်နားပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းတင်သွင်းစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) မှ ဦးမှတ်ကြီး ဆွေးနွေးစဉ်။
(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိသျှပါလီမန်အမတ်များ ပါဝင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား လန်ဒန်အခြေစိုက် Westminster Foundation for Democracy မှ Ms.Linda Duffield ဦးဆောင်သည့် ဗြိတိသျှပါလီမန်အမတ်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် (I-1) ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာမှုနှင့် ပါလီမန်ရေးရာဆိုင်ရာကိစ္စရပ်များ အတွေ့အကြုံများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့်လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်တို့ တက်ရောက်ကြပြီး Westminster Foundation for Democracy မှ Ms. Linda Duffield နှင့်အတူ ဗြိတိသျှပါလီမန်အမတ် လေးဦးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် ရေမြေသဘာဝအရ အလှမ်းကွာဝေးသော်လည်း ရှေးနှစ်ပေါင်းများစွာကပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့ပါကြောင်း၊ တစ်ဦးအခက်အခဲဖြစ်က တစ်ဦးက အကူအညီပေးခဲ့သည့် သာဓကများ ရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအား ပေးအပ်သော အကူအညီသည် နည်းသည်၊ များသည် ပမာဏနှင့်မတိုင်းတာဘဲ ပေးအပ်သော နိုင်ငံ၏စိတ်ရင်းစေတနာသာလျှင် အဓိကဖြစ်သည်ကို ယုံကြည်ပါကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးအကူအညီ၊ နည်းပညာအကူအညီအပြင် ကျေးရွာသူ ကျေးရွာသားများ၏ စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေး အကူအညီများပေးအပ်ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာနှင့် လှည်းကူးမြို့နယ် ဖောင်ကြီး (အရှေ့) ကျေးရွာများ၌ နည်းပညာနှင့် ငွေကြေးအကူအညီပေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးကိစ္စရပ်များကို ကျေးရွာသူ ကျေးရွာသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစား၍ အပြန်အလှန်ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၁၀ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့်ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Saemoul Undong Institute Centre) တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး (The Meeting on Implementation of New Village Movement in Myanmar) တွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုစီမံကိန်းသည် ကျေးရွာနှစ်ရွာအား စတင်အကောင်အထည်ဖော်ခြင်းဖြစ်သော်လည်း မိမိတို့နိုင်ငံရှိ ကျေးရွာပေါင်းများစွာအတွက် စံပြကျေးရွာများဖြစ်လာစေရန် အစပျိုးလိုက်သည်ဟု ယူဆပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအား အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Saemoul Undong Institute Centre) မှ သံအမတ်ကြီး Mr.CHO Whan-Bok နှင့်အဖွဲ့က ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ယခုကဲ့သို့တွေ့ဆုံနိုင်ရေး စီစဉ်ပေးသည့်အတွက် ပြည်ထောင်စုဝန်ကြီးအား ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

အစည်းအဝေးတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Saemoul Undong Institute Centre) မှ အသံမတ်ကြီး Mr. CHO Whan- Bokနှင့် တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အပြန်အလှန်ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ထို့ကြောင့် ကွမ်းခြံများစိုက်ပျိုးမှုရပ်ဆိုင်းထားရသည်ဟု သိရသည်။ သို့သော် မုံရွာမြို့ ဝန်းကျင်မှ ကွမ်းကားများကတော့ ပုံမှန်ဝင်လျက်ရှိသည်ဟု သီရိမင်္ဂလာဈေး ကွမ်းတန်းမှ ပွဲစားအချို့ထံမှ သိရသည်။ ကွမ်းပွဲစားကြီး ဦးကျင်စိန်က "ဒါကပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောပါ၊ မိုးမှာ ကွမ်းအဝင်နည်းမယ်၊ ဈေးတက်မယ်၊ နွေမှာ ကွမ်းအဝင်များမယ်၊ ကွမ်းဈေးကျမယ်၊ ဒါပါပဲ"ဟု ဆိုပါသည်။

ကွမ်းဈေးမှာ မိုးဖြိုင်ဖြိုင်ရွာလာသော ဇူလိုင်လဆန်းကတည်းက တဖြည်းဖြည်းနှင့်ဈေးတက်လာခဲ့ရာ "ကွမ်းဈေးက ပန်းတနော်ကွမ်းက အကောင်းဆုံး လူကြိုက်အများဆုံးပဲ၊ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ကနေ ငွေကျပ် ၅၅၀၀ အထိ ဈေးရှိနေတယ်၊ ဒုတိယက တွံတေးကွမ်းပဲ သူက တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ကနေ ၃၅၀၀ ဈေးမှာပြေးနေတယ်၊ မုံရွာကွမ်းကတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ဈေးနဲ့ ရောင်းနေကြတယ်"ဟု မြသီတာကွမ်းဒိုင်မှ ကိုအောင်မြင့်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။ ယခုမိုးရာသီ၌ ကွမ်းစိုက်နေသူများအနေဖြင့် ရေများလာသည့်အတွက် ကွမ်းပေါ်တွင် ရေနာ(အမည်းစက်များ) ပေါက်လာသည့်အတွက် စိုက်သမျှ၏တစ်ဝက်ကျော်ကျော်မျှသာ အဖတ်တင်ကြောင်းကိုလည်း ပွဲစားတစ်ဦး၏ ပြောပြချက်ကြောင့် သိခွင့်ရခဲ့သည်။

မြို့နယ်တစ်ခုတွင် ကွမ်းယာရောင်းသည့်ဆိုင်တစ်ဆိုင်က "ရန်ကုန်က လူတွေက ပန်းတနော်၊ ညောင်တုန်းကွမ်းကို ကြိုက်ကြတယ်။ နုလည်းနုတယ်။ ဝါးရတာလည်း အရသာရှိတယ်လို့ဆိုကြတယ်။ ဒါကြောင့် ပန်းတနော်ကွမ်းကို ရအောင်ရှာဝယ်တယ်။ ဈေးကတော့သူ့ဈေးနဲ့သူပေါ့" ဟု ပြောကြားခဲ့သည်။



ညောင်လေးပင်မြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်

ညောင်လေးပင် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စု ကွင်းဒလလေးကျေးရွာတွင် ဇူလိုင် ၂၄ ရက်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စု ကွင်းဒလလေးကျေးရွာတွင် ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် မိုးသက်လေပြင်းတိုက်ခတ်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၃ လုံး လေပြင်းဒဏ်ခံခဲ့ရပြီး သုံးလုံးမှာ ပြိုကျပျက်စီးသွားပြီး ၁၀ လုံးမှာ အမိုးအကာများ လွင့်စဉ်သွားသည်။ **(ဝဲပုံ)**

ဆောင်ရွက်ပေး

မိုးပြင်းလေပြင်းတိုက်ခတ်ခံခဲ့ရသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ခင်မောင်လွင်-ညောင်လေးပင်)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဘိုဝနှင့် ဝန်ထမ်းများ ပုဗ္ဗသီရိမြို့နယ် မြဝတီသတင်းစာတိုက်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက်က မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် စစ်သည်မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ဟောင်ကောင်တွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ် သစ်ပင်ကြီးများလဲပြို၊ ဒဏ်ရာရသူ ၁၀၀ ကျော်ရှိ

ဟောင်ကောင် ဇူလိုင် ၂၄

ဟောင်ကောင်တွင် ဇူလိုင် ၂၃ ရက် ညပိုင်းက အားပြင်းတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရာပေါင်းများစွာသောသစ်ပင်ကြီးများ လဲပြိုပြီး လေကြောင်းခရီးစဉ် အများအပြားဖျက်သိမ်းလိုက်ရကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

ဗီစင်တေးအမည်ရှိ အားပြင်းတိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီလျှင် ၈၇ မိုင်နှုန်းဖြင့် ဇူလိုင် ၂၃ ရက် ညက ဟောင်ကောင်သို့ ဝင်ရောက်ခဲ့ရာ သစ်ပင်ကြီးများလဲကျသဖြင့် ဒဏ်ရာရမှုများဖြစ်ပွားခဲ့ရသည်။ (ဝဲပုံ) ၎င်းမုန်တိုင်းသည် ၁၃ နှစ်တာအတွင်း အပြင်းထန်ဆုံးမုန်တိုင်းအဖြစ် မုန်တိုင်းသတိပေးချက်ထုတ်ပြန်ခဲ့ရသော်လည်း ဇူလိုင် ၂၄ ရက်တွင် အားပျော့သွားပြီဖြစ်ကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါမုန်တိုင်းကြောင့် ဟောင်ကောင်တွင် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက စတော့အိတ်ချိန်းဆိုင်ရာကုန်သွယ်မှုမှာ ယာယီရပ်ဆိုင်းထားရသည်။ ၎င်းတိုင်ဖွန်းမုန်တိုင်းသည် ဟောင်ကောင်ကို ဖြတ်ကျော်သွားပြီဖြစ်သော်လည်း ကွမ်တုံပြည်နယ်အနောက်ပိုင်းသို့ လေပြင်းများအဖြစ် ဆက်လက်ဝင်ရောက်သွားခဲ့ကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ကြေညာသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အသက်လေးနှစ်မှ ၈၆ နှစ်အတွင်းရှိ လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိပြီး အနည်းဆုံး ၇၂ ဦး ဆေးရုံတင်ကုသပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မုန်တိုင်းကြောင့် အချို့သောနေရာများတွင် ရေကြီးမှုဖြစ်ပွားပြီး ရာပေါင်းများစွာသောသစ်ပင်များ လဲကျခဲ့သည်။ ဟောင်ကောင်အစိုးရက ယာယီအမိုးအကာ ၂၄ လုံး ဆောက်ပေးထားရာ လူပေါင်း ၂၅၀ ကျော် တည်းခိုလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှုကို အာဖဂန်ကန့်ကွက်

ကဘူးလ် ဇူလိုင် ၂၄

ပါကစ္စတန်အနေဖြင့် နယ်စပ်ဖြတ်ကျော်ပြီး အာဖဂန်နစ္စတန်နယ်မြေအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုမပြုရန် အာဖဂန်နစ္စတန်နိုင်ငံက သတိပေးလိုက်ပြီး ထပ်မံပြုလုပ်ပါက အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးထိခိုက်ပျက်ပြားစေမည်ဟု သတိပေးပြောကြားလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းကိစ္စကို သတိပေးရန် ဇူလိုင် ၂၂ ရက်က အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးကို ဆင့်ခေါ်လိုက်သည်။ အာဖဂန်နစ္စတန်ကျေးရွာများကို ပါကစ္စတန်ဘက်က ဆက်လက်၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မည်ဆိုလျှင် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်သွားစေနိုင်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျာဝက်လူဒင်က ထုတ်ဖော်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဆူနာပြည်နယ် ဒန်ဂမ်ခရိုင်အတွင်းသို့ ပါကစ္စတန်ဘက်က ဒုံးကျည်များ၊ အမြောက်များဖြင့် အကြိမ်ပေါင်း ၃၀၀ ကျော် ပစ်ခတ်ခဲ့သည်ဟုဆိုသည်။ သို့သော် ပါကစ္စတန်နိုင်ငံက ငြင်းဆိုလိုက်ပြီး အာဖဂန်နစ္စတန်နိုင်ငံကသာ ပါကစ္စတန်နိုင်ငံဘက်ခြမ်းသို့ အမြောက်များဖြင့်ပစ်ခတ်သည်ဟု ပြစ်တင်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပထမဆုံး အမေရိကန်အမျိုးသမီးအာကာသယာဉ်မှူးကွယ်လွန်

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးအာကာသယာဉ်မှူး ဆာလီရစ်သည် ၁၇ လတာကြာမျှ ပန်ကရိယကင်ဆာရောဂါဖြစ်ပွားမှုခံစားခဲ့ရပြီးနောက် ဇူလိုင် ၂၃ ရက်က ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၆၁ နှစ်အရွယ် ရှိပြီဖြစ်သော ဆာလီရစ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒိုင်ဂိုမြို့၌ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ဆာလီရစ်သည် အမေရိကန်အမျိုးသားအာကာသအေဂျင်စီ (နာဆာ)တွင် ၁၉၇၈ ခုနှစ်က အလုပ်စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၈၃ ခုနှစ်၌ အမေရိကန်၏ ပထမဆုံး အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးဖြစ်လာခဲ့သူဖြစ်သည်။ (ဝဲပုံ)

သူမသည် ၁၉၈၃ ခုနှစ်က ချဲလ်လင်ဂျာ အာကာသယာဉ်တွင် လိုက်ပါသွားခဲ့သည့် အာကာသယာဉ်မှူးများအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး အဖြစ် လိုက်ပါသွားခဲ့သူဖြစ်သည်။ ထိုအချိန်က သူမသည် အသက်အငယ်ဆုံး အမေရိကန်အာကာသယာဉ်မှူးတစ်ဦးလည်းဖြစ်ခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သူမအား အမေရိကန်၏ အမျိုးသမီးသူရဲကောင်းတစ်ဦးဖြစ်ပြီး ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စံပြအမျိုးသမီးတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ဖန် နာဆာကလည်း အမေရိကန်နိုင်ငံ၏ ရှေ့ဆောင်လမ်းပြသူတစ်ဦးနှင့် ရှေးဦးစွန့်စားသူတစ်ဦး ဆုံးရှုံးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၄-၇-၂၀၁၂

■ ■ ■ ■ တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည် ■ ■ ■ ■

ဘီလာရုစ်နိုင်ငံ ပြည်တွင်းဖြစ် ပထမဆုံးဂြိုဟ်တုလွှတ်တင်

ဘီလာရုစ်နိုင်ငံက ပြည်တွင်းလုပ် ဂြိုဟ်တုတစ်လုံးကို ဇူလိုင် ၂၂ ရက်က ဂြိုဟ်ပတ်လမ်းကြောင်းသို့ လွှတ်တင်ခဲ့ကြောင်း ဘီလာရုစ်အာဏာပိုင်များက ဇူလိုင် ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါဘီလာရုစ်ဂြိုဟ်တုကို ကနေဒါ၊ ဂျာမနီနှင့် ရုရှားနိုင်ငံများ၏ အခြားသော အာကာသယာဉ်များနှင့်အတူ လွှတ်တင်ခဲ့သည်။ ယင်းဘီလာရုစ်ဂြိုဟ်တုကို ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ယင်းနေ့ဒေသစံတော်ချိန် ၉ နာရီ ၄၁ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ (ယာပုံ)



အလေးချိန် ကီလိုဂရမ် ၄၀၀ ရှိသည့် ၎င်းဂြိုဟ်တုသည် ဘီလာရုစ်နိုင်ငံပိုင်နက်အတွင်းရှိ ပုံရိပ်များကို ပြီးပြည့်စုံအောင် ရိုက်ကူးလုပ်ဆောင်ပေးနိုင်သည်ဟုဆိုသည်။ ဘီလာရုစ်နိုင်ငံသည် ပြည်တွင်းလုပ်ဂြိုဟ်တုတစ်လုံးကို ၂၀၀၆ ခုနှစ်က ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် အောင်မြင်မှုမရရှိခဲ့ချေ။

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်ပြီး ရေလွှမ်း၊ ၃၅ ဦးသေဆုံး

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်းတွင် ဇူလိုင် ၂၃ ရက်က မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး အနည်းဆုံး ၃၅ ဦး သေဆုံးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါမိုးရွာမှုကြောင့် ယင်းနေ့တစ်ညလုံး ရေလွှမ်းမှုများဖြစ်ပေါ်ပြီး ရေနစ်သေဆုံးသည့် ၃၅ ဦး၏ရုပ်အလောင်းများ ဆယ်ယူခဲ့ရကြောင်း၊ အိမ်ပေါင်း ၂၀၀ ခန့်လည်း ရေနစ်မြုပ်ပြီး ပျက်စီးခဲ့ကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီခေါင်းဆောင် မင်န်နာစီဖန်ပီက ပြောကြားခဲ့သည်။ သေဆုံးသူများတွင် အသက်ကိုးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦးနှင့် သုံးလအရွယ်ကလေးတစ်ဦးတို့ပါဝင်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **(အောက်ပုံ)**

မိုးရေနှင့်အတူ လာမင်ဂိုဆည်တမံ ရေလျှံမှုကြောင့် အနီးဝန်းကျင်ဒေသများရှိ မြို့တို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သေဆုံးသူများ ထပ်တိုးလာနိုင်ကြောင်းနှင့် ပျောက်ဆုံးသူအရေအတွက် မည်မျှရှိသည်ကို ရှင်းလင်းစွာမသိရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း လာဂေါ့မြို့အနီး အိုင်ကတ်ဒန်ဒေသတွင် ရေလွှမ်းမှုကြောင့် သုံးဦးသေဆုံးခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ယေဘုယျအားဖြင့် မတ်လမှ စက်တင်ဘာလအထိ မိုးများအဆက်မပြတ် ရွာသွန်းသည်ဟုဆိုသည်။ **(အင်တာနက်)**

ပေကျင်းမြို့တော်တွင် နှစ် ၆၀ အတွင်း အဆိုးရွားဆုံးမိုးသည်းထန်

ပေကျင်း ဇူလိုင် ၂၄

နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး မိုးသက်မုန်တိုင်းများ ဖြစ်ပေါ်ကြုံတွေ့နေသည့် တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် သေဆုံးသူ ၃၇ ဦး အနည်းဆုံးရှိခဲ့ပြီဖြစ်ကြောင်း၊ လမ်းမလမ်းသွယ်များမှာ ရေလွှမ်းလျက်ရှိပြီး မြို့တော်ရှိ လေဆိပ်ကြီးတွင် သောင်တင်နေသည့် ခရီးသည် ၈၀၀၀၀ ရှိကြောင်း နိုင်ငံပိုင်သတင်းဌာနနှင့် အစိုးရက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက မုန်တိုင်းစတင်ကျရောက်ခဲ့ခြင်းဖြစ်ပြီး ညရောက်သည်အထိ မိုးသက်မုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ရာ မြို့တော်တွင်း အဓိကလမ်းမကြီးများ များစွာ ရေကြီးရေလွှမ်းနေသည်။ သေဆုံးသူ ၃၇ ဦး ရှိရာတွင် ၂၅ ဦးမှာ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း၊ နေအိမ်များပြိုကျမှုဖြစ်ရာမှ သေဆုံးခဲ့ရသူ ခြောက်ဦးရှိကြောင်း၊ ရေကြီးမှုများအတွင်း လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကြောင့် ငါးဦးသေဆုံးပြီး မိုးကြိုးပစ်ခံရသဖြင့် တစ်ဦးသေဆုံးကြောင်း ပေကျင်းမြို့ပြအစိုးရတရားဝင်ဘလော့ဂ်တွင် ဖော်ပြသည်။

ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ဖျက်သိမ်းလိုက်ရသည့် လေယာဉ်ခရီးစဉ် ၅၀၀ ကျော်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။ မြေအောက်ရထားလမ်းများတွင်မူ ရေကြီးရေလွှမ်းမှုများစွာ ဖြစ်ပေါ်ခြင်းမရှိသော်လည်း ကားများ၊ ဘတ်စ်ကားများဖြင့် အိမ်ပြန်ကြရန် အခက်တွေ့ရသည့် ပြည်သူများစွာဖြင့် ပြည့်နှက်လျက်ရှိသည်။ ပေကျင်းမြို့အနောက်ဘက် ဖန်ရှန်းခရိုင်အတွင်းရှိ မြို့တစ်မြို့မှာ မိုးရေချိန် ၄၆၀ မီလီမီတာအထိ ရောက်ရှိခဲ့သည်။ **(ဆင်ဟွာ)**

ဂျပန်နိုင်ငံ အပူလှိုင်းကျရောက်မှုတွင် ၁၃ ဦးသေဆုံး ဆေးရုံတင်ပို့ခဲ့ရသူပေါင်း ၅၄၆၇ ဦးအထိရှိ

တိုကျို ဇူလိုင် ၂၄

ဂျပန်နိုင်ငံတွင် အပူလှိုင်းကျရောက်ခဲ့ရာတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း သေဆုံးခဲ့သူ စုစုပေါင်း ၁၃ ဦးရှိကြောင်း၊ ဆေးရုံတင်ပို့ခဲ့ရသူပေါင်းမှာ ၅၄၆၇ ဦးအထိ ရှိကြောင်း ဂျပန်နိုင်ငံ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံကိန်းထိန်းချုပ်ရေး အေဂျင်စီက ဇူလိုင် ၂၄ ရက်က ပြောကြားသည်။ နိုင်ငံ၏ နယ်မြေဒေသအတော်များများတွင် ပြီးခဲ့သည့် သီတင်းပတ်က အပူလှိုင်း ပြင်းထန်စွာ ကျရောက်ခဲ့ခြင်းဖြစ်သည်။ တချို့ဒေသအပိုင်းများတွင် ဇူလိုင်လအတွက် အပူချိန်မှာ စံချိန်တင် မြင့်မားခဲ့သည်။

ဂျပန်နိုင်ငံတွင် ရာသီဥတုအပူချိန်တိုင်းတာရေးစခန်းပေါင်း ၉၂၇ ခုရှိရာ ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်တစ်ရက်တည်း၌ စခန်း ၇၇ ခုတွင် တိုင်းတာရရှိသည့် အပူချိန်မှာ ၃၅ ဒီဂရီဆဲလ်စီးရပ်စ်အထက် ရောက်ရှိနေခဲ့သည်။ ထိုစခန်းများအနက် စခန်း ၁၀ ခုမှ တိုင်းတာရရှိသော အပူချိန်မှာ ဇူလိုင်လအတွက် စံချိန်တင်မြင့်မားသည့် အပူချိန်အမှတ်အထိရောက်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ကျရောက်ခဲ့သည့် အပူလှိုင်းဖြစ်ပေါ်မှုကြောင့် နိုင်ငံအနှံ့အပြားရှိ ဆေးရုံများတွင် တက်ရောက်ကုသခဲ့ရသည့် လူနာဦးရေမှာလည်း ယခင်သီတင်းပတ်ကထက် ၂ ဒသမ ၁ ဆကျော် တိုးပွားခဲ့သည်ဟု သတင်းမီဒီယာများက ဆိုသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံအလယ်ပိုင်း၌ လေယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

မော်စကို ဇူလိုင် ၂၄

ရုရှားနိုင်ငံအလယ်ပိုင်း အာယာဇန်ဒေသတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျပြီး လေယာဉ်ပေါ်လိုက်ပါသူသုံးဦးစလုံးသေဆုံးခဲ့ကြောင်း ဒေသအတွင်းရှိ အရေးပေါ်ထိန်းချုပ်မှုဌာနမှ ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါလေယာဉ်သည် အလက်ဇန်ရိုဗိုခရိုင်အနီးရှိ သစ်တောတစ်ခုအတွင်း ဇူလိုင် ၂၂ ရက်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး ယင်းလေယာဉ်ပျက်ကျမှုကို အာယာဇန်အရေးပေါ်ထိန်းချုပ်မှုဌာနမှ ယင်းနေ့ မော်စကိုစံတော်ချိန် ၁၃ နာရီ ၅၇ မိနစ်က လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျသည့်နေရာတွင် လူလတ်ပိုင်းအရွယ် အမျိုးသားနှစ်ဦးနှင့် လူငယ်တစ်ဦးတို့၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးအဖွဲ့များက တွေ့ရှိခဲ့ပြီး ၎င်းတို့၏အမည်များကို မသိရှိရသေးဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ပေါ်တွင် သေကျေပျက်စီးမှုများမဖြစ်ပေါ်ခဲ့ကြောင်း၊ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းကို ရှင်းလင်းစွာမသိရသေးဘဲ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ မှတ်ပုံတင်ထားခြင်းမရှိသေးသည့်အင်ဂျင်တစ်လုံးတပ် ၎င်းလေယာဉ်သည် လူလေးဦးတင်ဆောင်နိုင်ပြီး ပျံသန်းရန် ခွင့်ပြုချက်မရရှိသေးဟု အာယာဇန်လေကြောင်းထိန်းချုပ်ရေးဌာနက ပြောကြားခဲ့သည်။ **(အင်တာနက်)**

25-7 (04).pmd 1 7/25/2012, 1:59 AM

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်ဖြည့်ဆည်းကူညီ

သတင်းဆောင်းပါး-ဝင်းကျော်
ဓာတ်ပုံမှတ်တမ်း
ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်း အခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့က တတိယအကြိမ် ကွင်းဆင်းဆောင်ရွက်နေကြောင်း သတင်းအရ မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက်က အဆိုပါအဖွဲ့ရှိရာ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ် အရှေ့ဘက်ကမ်းရှိ ကူးတို့ဆိပ်ကျေးရွာအုပ်စု ရွှေပြည်သာယာကျေးရွာသို့ သွားရောက်ခဲ့သည်။

ရွှေပြည်သာယာ ကျေးရွာသည် ရန်ကုန်-မန္တလေး (လမ်းဟောင်း)မှ လျှပ်စစ်ရုံးလမ်းသို့ ခွဲထွက်၍ ၁၀ မိုင်ခန့်သွားရောက်ရသည်။ သတင်းအဖွဲ့ အဆိုပါ ကျေးရွာသို့ ရောက်ရှိသောအခါ ကွင်းဆင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို တွေ့ရပြီး အဖွဲ့ခေါင်းဆောင်ဖြစ်သူ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချမ်းမင်းလတ်နှင့်တွေ့ဆုံ၍ မေးမြန်းစုံစမ်းကြည့်ရာ "ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်အပါအဝင် ခြောက်ယောက်ရှိပါတယ်။ အဖွဲ့မှာ အထွေထွေရောဂါကု ဆရာဝန်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဆရာဝန်၊ စိုက်ပျိုးရေးပညာရှင်၊ နေပြည်တော် စည်ပင်သာယာရေး

ကွင်းဆင်းအဖွဲ့မှ ဒေါက်တာမျိုးကိုကိုလတ် သက်ကြီးလူနာတစ်ဦးအား မေးမြန်းကုသနေမှုကို ဤသို့ တွေ့ရသည်။

ကော်မတီ အင်ဂျင်နီယာဌာနမှ တစ်ဦးနဲ့ ဒေသခံဘွဲ့ရလူငယ်တစ်ဦးတို့ ပါဝင်ပါတယ်။

"ကူးတို့ဆိပ်ကျေးရွာအုပ်စုကို အရင်က နှစ်ကြိမ်လာရောက်ခဲ့ပြီး ရွာရှစ်ရွာမှာ စာရင်းကောက်ယူပြီးပါပြီ၊ အခုက ဒီကျေးရွာအုပ်စုမှာ ရွှေပြည်သာယာရွာပဲ ကျန်ပါတယ်။ ရွာမှာအိမ်ခြေ ၁၆၆ အိမ်ရှိပြီး အိမ်ထောင်စု ၁၂၈ စုရှိပါတယ်။ လူဦးရေအားဖြင့် ၅၇၀ ရှိပါတယ်။ ကျွန်တော်တို့ အဖွဲ့အနေနဲ့ တစ်ရွာကို နှစ်ညအိပ်နှစ်ရက် နေထိုင်ပြီး ရွာသူရွာသားတွေရဲ့ကျန်းမာရေးစိုက်ပျိုးရေး၊ ရေသုံးစွဲမှုနှင့် လူနေမှုဘဝဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှာပါ။ ဒီရွာပြီးရင် ဇီးဖြူပင်ကျေးရွာအုပ်စုက ဇီးဖြူပင်၊ သစ်ဆိမ့်ပင်ကျေးရွာနဲ့ နှမ်းတောကျေးရွာအုပ်စုက နှမ်းတောရွာတို့ကို ခရီးဆက်မှာပါ" ဟု ပြောကြားသည်။

ရွှေပြည်သာယာ ကျေးရွာသည် ပဲတီစိမ်း၊ ကြံနှင့် နှမ်းတို့ကို အဓိကစိုက်ပျိုးပြီး စိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာအနေဖြင့် ဧက ၈၀၀ ကျော်ရှိသည်။ ရွာဟုဆိုသော်လည်း အိမ်ခြေများမှာ လေးငါးအိမ်တစ်စု၊ ဟိုတစ်စု ဒီတစ်စုဖြင့် ရွာတန်းရှည်လိုဖြစ်နေသည်ကို တွေ့ရသည်။ ယခု ရွာအခြေတကျအကွက်ကျပုံစံဖြစ်ရန် မြေဧက ၃၀ တွင် အိမ်ခြေတည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

ဆက်လက်၍ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကိုကိုစန်းမောင်ကို တွေ့ဆုံမေးမြန်းရာ "ကျွန်တော်က ဒီကျေးရွာအုပ်စုကို သုံးကြိမ်မြောက်ရောက်တာပါ။ ကျွန်တော့်အနေနဲ့ ဒီရွာမှာရှိတဲ့ ကျွဲနွားတွေရဲ့ရောဂါဖြစ်ပွားမှုကို ကုသပေးပါတယ်။ ရောဂါဖြစ်ပွားမှုအနေနဲ့ ပေါင်ပုပ်လက်ပုပ်ရောဂါအဖြစ်များတာကို တွေ့ရပါတယ်။ နောက်ပြီး ရာသီအလိုက်ဖြစ်တတ်တဲ့ရောဂါတွေ ကုသပေးပါတယ်။ ကပ်ပါးရောဂါ၊ ဝဲရောဂါနဲ့ သန်ချဆေးတို့ကိုလည်း ဆေးလိမ်း၊ ဆေးထိုးလုပ်ပေးပါတယ်။ ဝက်တွေဆိုရင်လည်း အသားတိုးဆေးတို့၊ ဝက်မှာဖြစ်တတ်တဲ့ ဝဲနာ၊ သန်ချဆေးတို့ကို လိုအပ်သလို ကုသပေးပါတယ်။ ဒါတွေအားလုံး အခမဲ့ကုသပေးတာပါ။

"ရွာသူရွာသားတွေကို တိရစ္ဆာန်ရောဂါနဲ့ပတ်သက်လို့ ပညာပေးရာမှာ ဖြစ်တတ်တဲ့ရောဂါရဲ့လက္ခဏာ၊ ကူးစက်တတ်ပုံ၊ကာကွယ်ကုသပုံတို့ကို ပညာပေးဆွေးနွေးပါတယ်။ ဒီနေ့ဆိုရင်ပဲ ခြေထောက်ရောင်နေတဲ့ နွားတစ်ကောင်ကို ကုသပေးလိုက်လို့ နောက်နှစ်ရက်ဆို လုပ်ငန်းခွင် ပြန်ဝင်နိုင်ပါပြီ။ ဒါဟာ သူတို့အတွက် လက်ငင်းအကျိုးရရှိတာပါပဲ။ ကျွန်တော်တို့ကိုလည်း ယုံကြည်လက်ခံပါတယ်" ဟု ပြောပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဖုန်းလင်းကို မေးမြန်းရာ "ဒီမှာကတော့ မိရိုးဖလာအတိုင်း စိုက်ပျိုးလုပ်ကိုင်ကြတာပဲ။ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်တတ်အောင် ကျွန်တော်တို့က နည်းစနစ်ပေးတာတို့၊ မျိုးစေ့ပေးတာတို့၊ စိုက်ပျိုးလိုစိတ်ရှိအောင် စည်းရုံးဆောင်ရွက်ပါတယ်။ မျိုးအနေနဲ့ကတော့ ကန်စွန်း၊ ခဝဲ၊ သင်္ဘော၊ ရွှေဖရုံနဲ့ တိုင်ထောင်ပဲတို့ကို အခမဲ့ ဖြန့်ဝေပေးပါတယ်။ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးသီးနှံများဟာ စားဖို့ရသလို ဝင်ငွေလည်း အထိုက်အလျောက်ရစေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးသူများလို့ ပဲမှာ ရောဂါကျရောက်တတ်ပုံ၊ အထွက်နှုန်းကောင်းမျိုး ရွေးချယ်စိုက်ဖို့ ပညာပေးပါတယ်။

"နောက်ပြီး အပင်ပိုးသတ်ဆေးသုံးရာမှာ ကုန်ကျစရိတ်မရှိဘဲ အနီးအနားမှာရှိတဲ့ သဘာဝပေါက်ပင်တွေကို အသုံးပြုပြီး ပိုးသတ်ဆေးသုံးနိုင်ဖို့ လက်တွေ့ပြသပေးပါတယ်။ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးပါတယ်" ဟု ပြောကြားသည်။ ပိစပ်အပင်ကို အသုံးပြု၍ ပိုးသတ်ဆေးပြုလုပ်ပုံကို ရွာသားများအား လက်တွေ့ပြသနေသော ဦးကျော်ဖုန်းလင်း၏ ပျော်ရွှင်တက်ကြွနေပုံကိုလည်း လေးစားဖွယ် တွေ့ရသည်။

ဆက်လက်၍ ကွင်းဆင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လက်ထောက်အင်ဂျင်နီယာ ကိုရာဇာလင်းကို တွေ့ဆုံ၍ ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေကို မေးမြန်းရာ"ရွာမှာ လမ်းအနေအထား၊ ရေသုံးစွဲပုံ၊ အဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို စာရင်းဇယားကောက်ယူပြီး ဌာနကို တင်ပြပါမယ်။ ရေအတွက် တုံကင်တူးပေးတာတို့၊ စက်ရေတွင်းတူးပေးတာတို့ လိုအပ်ရင် လုပ်နိုင်သလောက်လုပ်ပေးဖို့ စာရင်းပြုစုပါတယ်။ ကျေးရွာအနေနဲ့ ရေသုံးစွဲရာမှာ သဘာဝစိမ့်စမ်းရေကိုသာ သုံးကြလို့ သောက်ရေအနေနဲ့ ရေစစ်အိုးသုံးနည်း လက်တွေ့ပြသပေးပါတယ်။ လက်ရှိသုံးစွဲနေတဲ့ ရေသန့်ရှင်းမှုအဆင့် နမူနာယူပြီး စစ်ဆေးပါတယ်။ ယင်လုံအိမ်သာ အသုံးပြုဖို့ ပညာပေးဆောင်ရွက်ပါတယ်။ ကျေးရွာ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဖုန်းလင်းက ပိစပ်ရွက်မှ ပိုးသတ်ဆေးပြုလုပ်ပုံ လက်တွေ့ပြသစဉ်။

မှာ ဆောက်လုပ်မယ့် အဆောက်အအုံတွေအတွက် နည်းပညာပိုင်းအရ၊ ပစ္စည်းပိုင်းအရ လိုအပ်တာတွေ ထောက်ပံ့နိုင်ရန် စာရင်းလုပ်ပြီး နေပြည်တော်ကောင်စီကို တင်ပြဆောင်ရွက်ပေးမှာပါ" ဟု ပြောကြားသည်။

ကျေးရွာရှိ အိမ်တစ်အိမ်၌ ရွာသူရွာသား ကလေးလူကြီးများအား ဆေးကုသပေးနေသော ကွင်းဆင်းအဖွဲ့ဝင်ဖြစ်သူ ပျဉ်းမနားပြည်သူ့ဆေးရုံ(ခုတင်-၂၀၀)မှ ဒေါက်တာမျိုးကိုကိုလတ်အား ဆေးကုသပေးနေမှုနှင့်ပတ်သက်၍ မေးမြန်းရာ"ရွာမှာကတော့ လာပြတဲ့သူတွေထဲမှာ လူကြီးပိုင်းဆိုရင် ဒူးနာ၊ ခါးနာသာမန်လောက်နဲ့ သွေးတိုးရောဂါအဖြစ်များတာ တွေ့ရပါတယ်။ ဒါကလည်း

ရွှေပြည်သာယာကျေးရွာ ပြည်သူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းက ပြန်လည်ဆွေးနွေးပြောကြားစဉ်။

ကျန်းမာရေးအရ သွေးတိုးလက္ခဏာ မသိတာတို့၊ အစားအသောက်အနေအထိုင်မသိလို့ပါ။ ဒါကြောင့် ဆေးကုပေးရင်း ပညာပေးရပါတယ်။ ကလေးတွေဆိုရင်လည်း ဒေသ ရေ မြေ ရာသီဥတုအရ အဆုတ်ရောင်၊ အဆုတ်ပွဖြစ်တာ ကုသပေးရပါတယ်။ကိုယ်ဝန်ဆောင်လူနာတွေအနေနဲ့ ကိုယ်ဝန်စောင့်ရှောက်မှုနည်းတွေ ရှင်းလင်းပြောပြပါတယ်။ ပြီးတော့ သားဆက်ခြားတဲ့ အမျိုးသမီးတွေကို ပညာပေးရှင်းပြပါတယ်။ ဆေးရုံပြသဖို့ လိုအပ်တဲ့ လူနာရှိရင် ဆေးရုံတက်ဖို့ ညွှန်းပို့ဆက်သွယ် ဆောင်ရွက်ပေးပါတယ်။ ထူးထူးခြားခြား ရောဂါမတွေ့ရပါဘူး။ ဒီကိုမလာနိုင်တဲ့ လူနာဆိုအိမ်တိုင်ရာရောက် ကုသပေးပါတယ်။

"အဓိကကတော့ ကျေးလက်ကတောသူတောင်သားတွေမို့ ဆေးရုံ၊ ဆေးခန်းသွားဖို့ ကြောက်တာ၊ ငွေကုန်ကြေးကျများမှာ စိုးရိမ်တတ်တာတွေကို ပညာပေး ရှင်းလင်းပြောပြပါတယ်။ အခုဆို လာပြတဲ့လူနာ ၈၂ ယောက်ရှိပါပြီ။ ငှက်ဖျားဖြစ်နေတဲ့လူနာ၊ ရောဂါလက္ခဏာပြသတဲ့လူနာ မတွေ့ရသေးပါဘူး။ အခု ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းကုသတဲ့အခါ သူတို့အတွက် ရောဂါပျောက်ကင်းသလို ကျန်းမာရေးအသိလည်း ရရှိစေပါတယ်" ဟု ရွာသူရွာသားများကို ဆေးကုသပေးနေ၍ မအားလပ်သည့်ကြားမှ ပြုံးရွှင်စွာ ပြောကြားပေးသော လူငယ်ပီပီတက်ကြွမှုနှင့်အတူ ဆရာဝန်တစ်ယောက်၏ စေတနာကောင်းကို တွေ့မြင်ရသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ကွင်းဆင်းအဖွဲ့တွင်ပါဝင်သော ဒေသခံဘွဲ့ရလူငယ်တစ်ဦးဖြစ်သည့် ပုရွက်ဆိပ်ကုန်းကျေးရွာမှ ကိုကျော်သက်ဦးကိုလည်း ကွင်းဆင်းအဖွဲ့နှင့် လိုက်ပါလုပ်ကိုင်နေပုံကို မေးမြန်းရာ " အခုလို နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းဆောင်ရွက်ပေးရာမှာ ကိုယ်တိုင်လိုက်ပါရတဲ့အတွက် ကျေးလက်ပြည်သူများလိုပဲ ဝမ်းသာရသလို သူတို့ကိုယ်စား လိုအပ်တာတွေကို တင်ပြပေးနိုင်တဲ့အတွက်လည်းကျေနပ်ပါတယ်။ တကယ်ဆိုရင် ကျွန်တော်တို့ကျေးရွာတွေဟာ မြို့နဲ့အလှမ်းဝေးလို့ စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါတယ်။ စိုက်ပျိုးရေးဆိုရင်လည်း မိရိုးဖလာသာမန်အတိုင်း စိုက်ပျိုးကြလို့ သီးနှံအထွက်လည်းနည်း၊ ဝင်ငွေလည်းနည်း ဖြစ်ရပါတယ်။ အခုဆိုရင် မျိုးကောင်းရွေးချယ်စိုက်ဖို့ သိလာပါပြီ။ ကျန်းမာရေးဆိုရင်လည်း လက်တွေ့ဖြစ်နေတဲ့ရောဂါ၊ ရောဂါကာကွယ်ရမယ့်နည်းတွေသိရလို့ အကျိုးများစေပါတယ်။ ပညာရေးမှာဆိုရင်လည်း လိုအပ်နေတဲ့ စာသင်ကျောင်းတွေ ဆောက်လုပ်ပေးတာ၊ ကျောင်းအဆင့်မြှင့်ဖို့ တင်ပြတာတွေကိုလုပ်ပေးမယ်လို့ ပြောပါတယ်။ အခု ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုဟာ ကျေးလက်ပြည်သူများအတွက် လိုအပ်ချက်တွေ၊ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တာမို့ နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်"ဟု ရင်ထဲကစေတနာစကားကို ဖွင့်ဟပြောကြားသည်။

သတင်းအဖွဲ့ ရွှေပြည်သာယာ ကျေးရွာသို့ ရောက်ရှိစဉ်တွင် ကျေးရွာဘုန်းကြီးကျောင်း၌ ရွာသူရွာသားများကိုတွေ့ဆုံ၍ ကျေးရွာ၏ လိုအပ်ချက်များကို မေးမြန်းနေသော နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့်ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့ကိုလည်းတွေ့ရပြီး ရွာသူရွာသားများ၏ တင်ပြချက်အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု ဖြေကြားသည့်အခါ အံ့သြဝမ်းသာနေကြသော ရွာသူ ရွာသားများ၏ အပြုံးပုံရိပ်များကိုလည်း တွေ့ရသည်။

သတင်းအဖွဲ့အနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်ကို ကွင်းဆင်းအဖွဲ့၏ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မေးမြန်းရာတွင် "အခု ကွင်းဆင်းအဖွဲ့ ဒီကျေးရွာအုပ်စုကို လာတာ သုံးကြိမ်မြောက်ပါ။ ပထမအကြိမ်က ဇွန် ၅ ရက်မှ ၁၂ ရက်အထိ ကွင်းဆင်းခဲ့ပြီး ဒုတိယအကြိမ်က ဇွန် ၂၂ ရက်မှ ၂၉ ရက်အထိ နေထိုင်ခဲ့ပါတယ်။ အခု တတိယအကြိမ်အဖြစ် ဇူလိုင် ၂၂ ရက်မှ ၂၉ ရက်အထိ ကွင်းဆင်းဆောင်ရွက်မှာပါ။ တစ်ကြိမ်ကို ရွာလေးရွာနဲ့ ရှစ်ရက်ခရီးဖြစ်ပါတယ်။

"ကွင်းဆင်းအဖွဲ့တွေကို လိုအပ်တာတွေ အကုန်ဖြည့်ဆည်းပေးပြီး ရွာမှာနေထိုင်စဉ်အတွင်း ရွာကလူတွေ အဖွဲ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် နေထိုင်စားသောက်ကြဖို့ ညွှန်ကြားပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာလည်း နေ့စဉ်ဆောင်ရွက်မှုအခြေအနေကို မြို့နယ်ကို အစီရင်ခံတင်ပြစေပါတယ်။ ကျွန်တော်တို့ကလည်း နေပြည်တော်ကောင်စီကို နေ့စဉ်အစီရင်ခံတင်ပြရပါတယ်။ ဒါမှလည်း ကျေးရွာအတွက် လိုအပ်ချက်တွေကို အချိန်မဆိုင်းဘဲ ဆောင်ရွက်နိုင်ပါတယ်။ ပြီးတော့ အဖွဲ့တွေပြန်ရောက်တဲ့အခါမှာလည်း အသေးစိတ်အစီရင်ခံစာတင်ပြစေပြီး နေပြည်တော်ကောင်စီကို တင်ပြတဲ့အခါ ကောင်စီဝင်များနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများ အစည်းအဝေးပြုလုပ်ကာ ကျေးရွာတွေအတွက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါတယ်။

"ပထမအကြိမ် ကွင်းဆင်းတုန်းက ညွှန်းပို့လူနာအနေနဲ့ မြို့နယ်ဆေးရုံမှာ အတွင်းလူနာကိုးဦး၊ အပြင် လူနာ ၁၃ဦး ကုသပေးခဲ့ပြီး ဒုတိယအကြိမ်မှာ အတွင်းလူနာ ခြောက်ဦး၊ အပြင်လူနာ နှစ်ဦး အခမဲ့ကုသပေးခဲ့ပါတယ်။ အလုပ်အကိုင်အနေနဲ့လည်း ဘွဲ့ရလူငယ် တစ်ဦးကို နေပြည်တော်စည်ပင်မှာ အလုပ်ခန့်ထားပေးနိုင်ခဲ့ပါတယ်" ဟု ကွင်းဆင်းအဖွဲ့များ၏ တင်ပြချက်များကြောင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများကို ရှင်းပြသည်။

ကွင်းဆင်းဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ် ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ပညာရေးကဏ္ဍများတွင် လိုအပ်ချက်များကို စာရင်းကောက်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ပြပေးခြင်းဖြင့် ကျေးလက်ပြည်သူများအတွက် လူမှုစီးပွားဘဝမြင့်မားလာစေနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာမိသမျှ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မောင်မောင်မြင့်ဆွေ ➤ ➤ ရေးသားသည်

ခြေစမ်းပွဲများယှဉ်ပြိုင်၊ စပို့တင်းလစ္စဘွန်းနှင့် ပီအက်စ်ဂျီတို့ နိုင်ပွဲရ

လန်ဒန် ဇူလိုင် ၂၄

၂၀၁၂-၂၀၁၃ ဘောလုံးရာသီ ချစ်ကြည်ရေးခြေစမ်းပွဲများကို ဆက်လက်ကစားလျက်ရှိရာ ချယ်လ်ဆီးနှင့် ပဲရစ်စိန့်ဂျာမိန်းအသင်းတို့ ဇူလိုင် ၂၂ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ချယ်လ်ဆီးက အဓိကပွဲထွက်သမားအချို့ဖြင့်သာ ကစားခဲ့ရာ ပွဲချိန် မိနစ် ၃၀ ၌ နေနေက ပဲရစ်စိန့်ဂျာမိန်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ချေပဂိုး မသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၈၂ မိနစ်ရောက်မှသာ ပီရာဇန်က ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ တစ်ဖန် စပို့တင်းလစ္စဘွန်းနှင့် ရှက်ဖ်ဖီးတို့ပွဲတွင် စပို့တင်းလစ္စဘွန်းတို့က နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

စပို့တင်းအတွက် ဂိုးများကို ပွဲချိန် ၁၂ မိနစ်၌ မာတင်က သွင်းယူပြီး ဒုတိယဂိုးကို ပွဲချိန် ၆၉ မိနစ်၌ ဝုဖ်စဝင်ကီးလ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရှက်ဖ်ဖီးတို့ ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ပီအက်စ်ဂျီနှင့် ဘင်ဖီကာတို့ပွဲတွင် ပီအက်စ်ဂျီက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပီအက်စ်ဂျီတို့ အိမ်ကွင်း၌ ဦးဆောင်ဂိုးမသွင်းနိုင်ဘဲ ဘင်ဖီကာမှ မာတင်က ပွဲချိန် ၃၅ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၅၅ မိနစ်၌ ပီအက်စ်ဂျီမှ ဇန်ကာက ချေပဂိုးသွင်းယူပေးခဲ့ပြီး ၇၄ မိနစ်၌ လန်းစ်က ပီအက်စ်ဂျီအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၈၃ မိနစ်၌ ဝီနယ်ဒမ်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ပီအက်စ်ဂျီတို့ သုံးဂိုးရရှိခဲ့သည်။ ဘင်ဖီကာမှ မီရီးရာ ပွဲချိန် ၈၁ မိနစ်၌ အနီကတ်ပြအထုတ်ခံခဲ့ရပြီး ပွဲချိန်ပြည့်သည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် ဘင်ဖီကာတို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ချယ်လ်ဆီးနှင့် ပဲရစ်စိန့်ဂျာမိန်း အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၇-၂၀၁၂

ရွှေကျင်မြို့	၆ ဒသမ ၂၆ လက်မ
ကျောက်တော်မြို့	၅ ဒသမ ၃၁ လက်မ
ညောင်လေးပင်မြို့	၅ ဒသမ ၂၄ လက်မ
မဒေါက်မြို့	၄ ဒသမ ၇၂ လက်မ

❖ *ပြည်သူ့လွှတ်တော်မှ*

တင်း(၁၀၀)လျှင် ငွေကျပ် (၃၃၀၀၀၀)နှုန်း၊ နှမ်းစပါးကို တင်း(၁၀၀)လျှင် ငွေကျပ် (၃၂၀၀၀၀)နှုန်းဖြင့် ဝယ်ယူပေးခဲ့ရာ မိုးစပါးတင်း (၁၃ ဒသမ ၂၆၇)သိန်း၊ နွေစပါးတင်း(၁၅ ဒသမ ၄၅၅)သိန်း စုစုပေါင်း စပါးတင်း(၂၈ ဒသမ ၇၂၂)သိန်း ဝယ်ယူပေးခဲ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းသန်း မေးမြန်း ချက် များ ကို ဖြေကြားစဉ်။
(သတင်းစဉ်)

ခြင်းဖြင့် ပြည်တွင်းဆန်စပါးဈေးနှုန်းများ ကျဆင်းမှုမရှိစေရေးနှင့် တည်ငြိမ်မှုရှိရေးအတွက် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့ပြင် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆန်စက်အစိတ်အပိုင်းများ ပြည်ပမှအလွယ်တကူတင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ခေတ်မီစက်များဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲတင်ပို့နိုင်ခြင်းအားဖြင့် ဈေးနှုန်းပိုမိုရရှိလာမည်ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုလည်း မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ ဤသို့ အရည်အသွေးကောင်း၊ ဈေးနှုန်းလည်းပိုရသည့်ဆန်များ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဆန်စပါးနှင့်ပတ်သက်သည့် အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များမှ ဆန်ဝယ်နိုင်ငံများဖြစ်သည့် ဒေသတွင်းအာဆီယံနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ မကြာမီကာလအတွင်း သွားရောက်ပြီး ဈေးကွက် ရှာဖွေရေး၊ ဈေးကွက်အသစ်များကို ထိုးဖောက်နိုင်ရေးအတွက် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်သမားများဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာရရှိနိုင်ရေးအတွက် ဆန်အထူးပြုကုမ္ပဏီများမှ တစ်ဆင့်ဓာတ်မြေဩဇာများ ထုတ်ချေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်သမားများဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်မြေဩဇာများတွင် နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်(ရှ်) ပါဝင်မှုဓာတ်အား စစ်ဆေးဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဓာတ်မြေဩဇာများတင်သွင်းခွင့် လျှောက်ထားလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြေဩဇာ ဥပဒေပုဒ်မ ၄၄ အရ ပြည်တွင်းသို့မြေဩဇာတင်သွင်းခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးသည့် ဓာတ်မြေဩဇာများကို သွင်းကုန်လိုင်စင်စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်၏ **လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အရင်းအမြစ်များနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း**မေးခွန်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ **သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ ပြောင်းရွှေ့ပေးခဲ့ရသော ကျေးရွာသူ/သားများအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဖြေကြားရာတွင်-

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လက်အောက်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၉)ရုံ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁)ရုံနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လက်အောက်တွင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ(၁၅)ရုံ စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အား (၃၄၉၄ ဒသမ ၉)မဂ္ဂါဝပ်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း(၁၀၃၃၈ ဒသမ ၀၈)ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ဆဲစီမံကိန်းများဖြစ်သော ချီဖွေငယ်၊ ဖြူးချောင်း၊ သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူးချောင်း(၂)နှင့် အထက်ပေါင်းလောင်းစီမံကိန်းများပြီးစီးပါက စုစုပေါင်းမဂ္ဂါဝပ်(၅၂၀)၊ ကီလိုဝပ်နာရီသန်းပေါင်း (၂၃၈၃ ဒသမ ၇)ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြီးစီးမည့် အမ်းချောင်း၊ သူငွေး၊ အထက်ကျိုင်းတောင်၊ အထက်ရဲရွာနှင့် ရွှေလီ(၃) စီမံကိန်းများမှ စုစုပေါင်း (၁၅၀၂)မဂ္ဂါဝပ်၊ ကီလိုဝပ်နာရီသန်းပေါင်း (၅၅၂၇)ကိုလည်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ရေတိုကာလဓာတ်အားလိုအပ်ချက်အဖြစ် ဖြည့်ဆည်းနိုင်ရန်အတွက် လက်ရှိရန်ကုန်မြို့တွင် တည်ဆောက်ထားသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအနက်(၆)လုံးကို အဆင့်မြှင့်တင်ခြင်း ပြုလုပ်ရန်အတွက်လည်းကောင်း၊ ရွာမမှ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ကို အကြီးစားပြုပြင်ရန်အတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစက်များပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက(၁၁၀) မဂ္ဂါဝပ်အထိ လျှပ်စစ်ဓာတ်အားပိုမို ထွက်လာမည်ဖြစ်ပါကြောင်း။

လှော်ကားတွင် တရုတ်နိုင်ငံအခြေစိုက် Hydrolancang Co.,Ltd. မှ (၅၄၃) မဂ္ဂါဝပ်ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၁)ရုံကိုလည်းကောင်း၊ သာကေတတွင် ကိုရီးယားနိုင်ငံအခြေစိုက် Busan Korea Biotechnology ကုမ္ပဏီလီမိတက်မှ(၅၀၀) မဂ္ဂါဝပ်ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း တည်ဆောက်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံအခြေစိုက် Toyo Thai ကုမ္ပဏီလီမိတက်မှ အင်းစိန်တွင် (၁၀၀)မဂ္ဂါဝပ် ပမာဏရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၁)ရုံနှင့် ထိုင်းနိုင်ငံ EGAT အဖွဲ့မှ (၁၁၀)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ(၁)ရုံကို အမြန်တည်ဆောက်ပေးရန် ညှိနှိုင်း ဆွေးနွေးလျက်ရှိကြောင်းဖြင့် ဖြေကြားသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ မေးမြန်းစဉ်။
(သတင်းစဉ်)

ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍ သူငွေး ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံရေဝပ်ဧရိယာအတွင်းကျရောက်နေသည့် ကျေးရွာများပြောင်းရွှေ့ရေးနှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဧပြီလတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အဆင့်အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးရွာပြောင်းရွှေ့နေရာချထားရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ လယ်ယာမြေဖော်ထုတ်မှု၊ ကျေးရွာရေရရှိရေးနှင့် ကျေးလက်လမ်းများပြုပြင်ရေးတို့အတွက် လာမည့်ပွင့်လင်းရာသီတွင် စီမံကိန်းနှင့် ဒေသအာဏာပိုင်များညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများအတွက် နေ့စဉ်အသွားအပြန် ကျောင်းကားတစ်စီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေး**အဆိုကို အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးရှိုသီးတို့က ဆွေးနွေးကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ဖော်ပြထားသည့်အခြေခံမူပေါ် မူတည်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများကို ပြည်ထောင်စုလွှတ်တော်က အမြန်ဆုံး ပြဋ္ဌာန်းရန်လိုအပ်ပါကြောင်း၊ ယင်းသို့ ပြဋ္ဌာန်းရာတွင် တိုင်းရင်းသားများနှင့် အနီးစပ်ဆုံးနှင့် အခြေခံကျသည့် အဖွဲ့အစည်းများဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရိုးရာလူကြီးများ၊ ဒေသခံ မြို့မိ မြို့ဖများနှင့်အတူ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင် တိုင်းရင်းသားများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးတိုင်ပင်၍ အကြံဉာဏ်များ၊ သဘောထားမှတ်ချက်များ ရယူသင့်သည့်အပြင် အပစ်အခတ်မရပ်စဲသေးသော တိုင်းရင်းသားအဖွဲ့များကိုလည်း ချန်လှပ်မထားသင့်ဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုသင့်ပါကြောင်း။

ယခုအဆိုသည် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တွင် မရှိမဖြစ် ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရှင်သန်ရေးနှင့် နောင်နှစ်ပေါင်းများစွာ အဓွန့်ရှည်တည်တံ့ရေးအတွက်လည်း အထူးအရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်၍ အတည်ပြုပေးသင့်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုသည် အလွန်အရေးကြီးပြီး နည်းဥပဒေပါ အမြန်ပြဋ္ဌာန်းသင့်သည်မှာ ထင်ရှားနေပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံအတွင်း၌ရှိသည့် တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူညီမျှစွာ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပြီး ထာဝရ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး ရှင်သန်ပေါက်ဖွားရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအများစုနေထိုင်သည့် တောင်ပေါ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ခေတ်အဆက်ဆက်၌ နိမ့်ကျပြီး နောက်ကျကျန်နေခဲ့၍ နိုင်ငံတော်အစိုးရက တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန အသစ်တစ်ခုဖွင့်လှစ်ပြီး တိုင်းရင်းသားများအရေးကို ရှေးရှုဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်၏ တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာအမှန်ပင်ဖြစ်ပါကြောင်း၊ စာအုပ်ပေါ်၌ရှိသည့် ဥပဒေမဟုတ်ဘဲ ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် အထောက်အကူဖြစ်စေပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် ကိုယ်စားလှယ်များအတွက် ဆက်လက်ကျင်းပမည့် အစည်းအဝေးအစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ မေးခွန်း(၃)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မင်းဘူး-အမ်းလမ်းနှင့်တံတားများ
ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင်သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် မင်းဘူး-အမ်းလမ်း မိုင်တိုင်အမှတ်(၀/၄)ရှိ တံတားအမှတ်(၃/၁) ဆားဗွက်ချောင်းတံတား တည်ဆောက်မည့်နေရာနှင့် တံတားဟောင်းကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၁၂/၇)နှင့် (၁၃/၀)အကြားရှိ တံတားအမှတ် (၄/၁၃)ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၂၂/၃)နှင့် (၂၂/၄)အကြားရှိ ဘေလီသံပေါင်တံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လမ်း/တံတားကောင်းမွန်ရေးနှင့် တည်ဆောက်ပြီး RC Box Culvert များကို အသုံးပြု၍ လမ်းကြောင်းမှန်မှ သွားလာနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မင်းဘူး-အမ်း လမ်း (မကွေးတိုင်းဒေသကြီး)အပိုင်းနှင့် မိုင်တိုင် (၆၁/၀)မှ (၉၇/၀)အထိ ရခိုင်ပြည်နယ်လမ်းပိုင်းများ၊ မိုင်တိုင်အမှတ် (၉၆/၆) အနီးရှိ အမ်းချောင်း(အောက်ရွာ)တံတား တည်ဆောက်ရေးစီမံကိန်း၌ တံတားတိုင်များတည်ဆောက်ပြီးစီးမှု၊ တံတားအမှတ် (၅/၉၆) အမ်းချောင်း ကြိုးတံတားအဟောင်းကြံ့ခိုင်မှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(မြို့နယ်အဆင့်)ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၄ ရက်တွင် ပခုက္ကူမြို့ အထက(၁) ပညာရတနာခန်းမ၌ ကျင်းပရာ ဂုဏ်ထူးရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်မောင်ရီ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (၁၀၂)

အုတ်တွင်းမြို့နယ်၌ ပျိုးပင်များ အခမဲ့ဖြန့်ဝေ

အုတ်တွင်း ဇူလိုင် ၂၄

အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ဇူလိုင် ၉ ရက်က မော်တော်ယာဉ်များဖြင့် ပျိုးပင်များတင်ဆောင်ကာ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ စိုက်ပျိုးရန် ကျွန်း၊ ယူကလစ်၊ မန်ကျည်းရှား၊ မဲဇလီ စသည့်ပျိုးပင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ဖြန့်ဝေပေး

၂၀၁၂ခုနှစ် မိုးရာသီတွင် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ တစ်အိမ်ထောင်သစ်မာပင် ၂၀စိုက်ပျိုးရန်နှင့် ဆက်သွယ်ရေးလမ်းဘေးဝဲယာတွင် စိုက်ပျိုးရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနသည် ပျိုးပင်တစ်သိန်းနှစ်သောင်းအား ပျိုးထောင်စိုက်ပျိုးခဲ့ပြီး ယနေ့အထိ ပျိုးပင်ပေါင်း တစ်သိန်းကျော် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **(၃၁၆)**

(၁၄)ကြိမ်မြောက် The Teen Choice Awards ဆုများချီးမြှင့်
ရုပ်ရှင်မင်းသမီး အမ်မာစတုန်းဆွတ်ခူးရရှိ

ကိုသစ္စာ ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇူလိုင် ၂၂ ရက်က ကျင်းပသည့် (၁၄) ကြိမ်မြောက် The Teen Choice Awards ချီးမြှင့်ပွဲကို ကျင်းပခဲ့ရာ အကောင်းဆုံး ဒရာမာရုပ်ရှင်ဆုကို The Lucky One ဇာတ်ကားက ဆွတ်ခူးရရှိခဲ့သည်။

ဆွတ်ခူးရရှိ

တစ်ဖန် အကောင်းဆုံးရုပ်ရှင်ဒရာမာ အမျိုးသားသရုပ်ဆောင်ဆုကို ဇက်အီဖရွန်က The Lucky One ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသည်။ အကောင်းဆုံးဒရာမာ အမျိုးသမီးသရုပ်ဆောင်ဆုကို ရုပ်ရှင်မင်းသမီး အမ်မာစတုန်းက ရရှိသည်။ ***(ယာပုံ)*** *၎င်းဆုကို ရုပ်ရှင်မင်းသမီး အမ်မာစတုန်းက The Help ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။*

ရုပ်ရှင်မင်းသမီးအမ်မာစတုန်းသည် Choice Comedy Actress ဆုကိုလည်း Crazy, Stupid, Love ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မှုကြောင့် ဆွတ်ခူးရရှိခဲ့ပြန်သည်။

ထို့အပြင် ရုပ်မြင်သံကြားအက်ရှင်အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို ရုပ်ရှင်မင်းသား အဒမ်ရိုဒရီကွက်ဇ်က CSI: Miami ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန် အကောင်းဆုံး(အက်ရှင်)အမျိုးသမီးသရုပ်ဆောင်ဆုကို ရုပ်ရှင်မင်းသမီး Zoe Saldnna က Colombiana ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ***(အင်တာနက်)***

✻ အမျိုးသားလွှတ်တော်မှ

စုစုပေါင်းရဲစခန်း အသစ်(၂)ခုကို တိုးချဲ့ ဖွဲ့စည်းခွင့်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အမြန်လမ်းမကြီးတွင်ရှိသည့် ရဲစခန်းများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် အရှိန်အဟုန်မြှင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသို့ ပြန်လာရေးအတွက် လျှောက်ထားကြရာတွင် ခေတ္တခဏ အလည်အပတ်ပြန်လာရန် လူမှုရေးအလည်အပတ် ဗီဇာလျှောက်ထားသူများနှင့် မြန်မာနိုင်ငံသို့ အပြီးအပိုင် ပြန်လာရန် လျှောက်ထားသူများရှိပါကြောင်း။

ပြန်လည်ဝင်ရောက်လာလိုသူများအနေဖြင့် ဗီဇာလျှောက်ထားရန်အတွက် ပထမဦးစွာ မိမိရောက်ရှိနေထိုင်သည့် နိုင်ငံတွင်ရှိသည့် မြန်မာသံရုံးများကို ဆက်သွယ်ပြီး သတ်မှတ်သည့်လျှောက်လွှာပုံစံများ ဖြည့်စွက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြရပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်ချက်နှင့်အညီ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်းများ ပြန်လာရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတ၏အထူးဖိတ်ခေါ်ချက်အရ ဆောင်ရွက်ပေးသည်ဖြစ်၍ ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် မလိုအပ်သော်လည်း ပြည်ဝင်ဗီဇာဆိုင်ရာ သတ်မှတ်ထားသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူများချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်ချက်နှင့်အညီ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်းများ ပြန်လာရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် တိကျခိုင်မာသည့် အခြေခံမူများ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါကြောင်းနှင့် ကာယကံရှင် မြန်မာနိုင်ငံသားများအနေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်သာ လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း တစ်ဖက်ထိုင်းနိုင်ငံနှင့် ဝင်/ထွက် သွားလာနိုင်သည့် နယ်စပ်ဝင်ပေါက်(၃)ခုရှိသည့်အနက် နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ကော့သောင်း-ရနောင်း နယ်စပ် ဝင်/ထွက်ပေါက် တစ်ခုကိုသာ သွားလာခွင့်ပြုပေးခဲ့ပါကြောင်း၊ ကျန်နယ်စပ် ဝင်/ထွက်ပေါက် (၂)ပေါက်ဖြစ်သည့် မောတောင်နှင့်ထီးခီးဝင်ပေါက်များကို နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းသွားလာခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးပါကြောင်း၊ မောတောင်နယ်စပ်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် နယ်စပ်ဝင်/ထွက်ခွင့် စစ်ဆေးရေးဂိတ်ကို ဖွင့်လှစ်မည်ဆိုပါက နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်တွင် သဘောတူထားသည့် ဝင်/ထွက်ပေါက် မဟုတ်သည့်အတွက် နှစ်နိုင်ငံညှိနှိုင်းပြီးမှ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ သဘောတူညှိနှိုင်းဆောင်ရွက်ပြီးပါက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများကို တာဝန်ချထားပေးမှုများ၊ နှစ်နိုင်ငံ ပြည်သူများ အပြန်အလှန် ဝင်/ထွက် သွားလာနိုင်ရန်အတွက် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass) ထုတ်ပေးမှုများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

မြိတ်-မောတောင်လမ်းအပိုင်းကို BOT စနစ်ဖြင့် ဆောင်ရွက်ရန် မြိတ်-တနင်္သာရီလမ်းအပိုင်း မိုင်(၅၀)၊ (၅)ဖာလုံကို ၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်နှင့် တနင်္သာရီ-သဲဖြူ-မောတောင်လမ်း (၆၉)မိုင်ကို ၂၀၁၁ ခုနှစ်၊ မေ ၇ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ယုဇနကုမ္ပဏီတို့ စာချုပ်ချုပ်ဆို လွှဲပြောင်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းအပိုင်းများကို ယခုနှစ်ပွင့်လင်းရာသီတွင် စတင်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မောတောင်နယ်စပ်ဒေသဂိတ်ဖွင့်လှစ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ရေရှည်အဆင်ပြေချောမွေ့စေရေးအတွက် နယ်မြေအခက်အခဲများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီဖြစ်၍ မိုးရာသီကုန်ဆုံးပြီးချိန်တွင် စီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညဏ်လင်း၏ “**တောင်ကြီးဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ**” မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း၏ “**အင်းတော်ကြီးဒေသနေပြည်သူများအတွက် ကျေးလက်မီးလင်းရေးနှင့်ပတ်သက်၍ ဆည်တော်ကြီး မဟာဓာတ်အားလိုင်းမှ အင်းတော်ကြီးဒေသသို့ လျှပ်စစ်ဓာတ်အားပေးရန် အစီအစဉ် ရှိ/မရှိ**” မေးခွန်းတို့နှင့်စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားရာတွင်-

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ တောင်ကြီးမြို့တွင် ၁၃၂/၆၆ ကေဗွီ၊ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် တောင်ကြီး-ဆီဆိုင် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄၄)မိုင် တည်ဆောက်ရေးစီမံကိန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်နိုင်ရန် (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း။

ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ စီမံကိန်းများပြီးစီးပါက တောင်ကြီးခရိုင်နှင့် အနီးတစ်ဝိုက်ဒေသများတွင် ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ပြီး ပိုလျှံသော ဓာတ်အားများကို ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် အခြားသော ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ခရိုင်/မြို့နယ်များသို့ ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါ (၁၃၂/၆၆) ကေဗွီ၊ (၆၀) အမ်ဗွီအေ တောင်ကြီးဓာတ်အားခွဲရုံနှင့် တောင်ကြီး-ဆီဆိုင် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄၄)မိုင် စီမံကိန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ မိုးညှင်းမြို့တွင် (၆၆/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၃-၄-၂၀၁၂ ရက်တွင် ပြီးစီးပြီဖြစ်ပါကြောင်း၊ ယင်းဓာတ်အားခွဲရုံမှ မိုးညှင်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးရန်ဖြစ်သော်လည်း အင်းတော်ကြီးပတ်ဝန်းကျင်ဒေသတစ်ခုလုံးသို့ ဓာတ်အားပေးရန်အတွက် မိုးညှင်းမြို့မှ (၁၁)ကေဗွီ ဓာတ်အားလိုင်းဆွဲပြီး ဓာတ်အားဖြန့်ဖြူးပါက (၁၁)ကေဗွီဓာတ်အားလိုင်းမိုင် စုစုပေါင်း (၂၅)မိုင်ခန့် ရှိမည်ဖြစ်သည့်အတွက် ဗို့အားကျခြင်း၊ ဓာတ်အားပျောက်ဆုံးမှုများပြားခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ သို့သော် မိုးညှင်းမြို့တွင် (၆၆/၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု ထပ်မံတည်ဆောက်ခြင်း၊ မိုးညှင်းမြို့မှ နန့်မွန်းရွာသို့ (၃၃)ကေဗွီ ဓာတ်အားလိုင်း (၁၃)မိုင်တည်ဆောက်ခြင်းနှင့် နန့်မွန်းရွာတွင် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယင်းနန့်မွန်းကျေးရွာ ဓာတ်အားခွဲရုံမှ နန့်မွန်းရွာအနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် မက်မွန်းကိုင်ရွာ၊ လုံးတုံးရွာ၊ မိုင်းပုတ်ရွာ၊ လွယ်မွန်ရွာ၊ ချောင်းဝရွာ၊ မပြင်ရွာ၊ သန်းလားရွာ၊ ဟဲပုရွာ၊ လုံးစန့်ရွာ၊ ညောင်ပင်ရွာများ အပါအဝင် အင်းတော်ကြီးဒေသရှိ ကျေးရွာများသို့ (၁၁) ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးရမည် ဖြစ်ပါကြောင်း။

ယင်းဓာတ်အားခွဲရုံမှ အင်းတော်ကြီးဒေသရှိ ကျေးရွာများဓာတ်အားရရှိရေးအတွက် ဒေသအာဏာပိုင်များ၏ သဘောတူညီချက်ဖြင့် ခိုင်မာသောကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်းပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်သွားပါက ဓာတ်အားအမြန်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မူဘောင်နှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၇-၇-၂၀၁၂ ရက်ထက် နောက်မကျဘဲ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၇-၇-၂၀၁၂ ရက်ထက် နောက်မကျဘဲ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်ရပ်နားလိုက်ပြီး (၁၄) ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း (၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၂)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သပြေစမ်း ကျေးရွာသို့ သွားရောက်၍ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်း အခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့များ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဇူလိုင် ၂၂ ရက်တွင်လည်း အောင်သီရိကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်အသိပညာပြန့်ပွားရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဇူလိုင် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Promoting Socially Responsible Tourism Industry in Myanmar ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်မည့်သူများသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း- ၂၁၄၉၄၁၊ ၂၁၄၉၄၅၊ ၀၉-၇၃၀၅၀၇၆၁တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်-မန္တလေးအမြန်လမ်းမ မိုင်တိုင်အမှတ် ၇၂/၄ အနီး ဒရယ်မီး ဥသျှစ်ကုန်းလမ်းဆုံတွင် ဇူလိုင် ၁၄ ရက်က ကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ ခရေ၊ မဟော်ဂနီနှင့် ကံ့ကော်စသည့် ပျိုးပင်ပေါင်း ၈၀၀ ကျော်ကို စိုက်ပျိုးကြစဉ်။ (သစ်တောဦးစီး)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၇)ရက်
(အဖိတ်နေ့)
၂၅-၇-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၀	**ကုသမနေ့းတီဘီဘေး**
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၄၀	**သံခေတ်ဆိုင်ရာ ယဉ်ကျေးမှု အထောက်အထား ကြို့ကုန်းကျေးရွာမှ ကျောက်ဖြစ်ရုပ်ကြွင်း**
၆း၀၀	ညနေခင်းသတင်း
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၇၅)
-	ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Conductor Mr.Yoshikazu Fukumura ဦးဆောင်သော အနုပညာရှင်အဖွဲ့ ပူးပေါင်းတင်ဆက်သော Orchestra Concert Myanmar

ရခိုင်ပြည်နယ်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းဗဟို ရန်ကုန်မြို့က ငွေကျပ်လေးဆယ့်ငါးသိန်း တစ်သောင်း၊ ကွယ်လွန်သူ ဦးတင်ရွှေအားရည်စူး၍ ဒေါ်ကြည်ကြည်၊ သားကိုလွင်မော်မိသားစု မအူပင်မြို့က ငွေကျပ် ငါးသောင်း၊ ကိုစိုးမင်းကျော်-မထက်ထက်ထွန်း မန်းဧရာ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးမိသားစုက ငွေကျပ် ငါးသောင်း၊ ပြင်ဦးလွင်မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ် နှစ်သောင်းငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ ယနေ့အထိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ လာရောက်လှူဒါန်းသော အလှူငွေရရှိမှုမှာငွေ ၃၀၇၅၇၆၀၇၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစား

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ကြိုဆင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းများစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တာဝန်ရှိသူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရပ်ရွာကောင်းကျိုးရှက်သယ်ပိုးရာတွင် သာတူညီမျှစိတ်ဓာတ်ထားရှိ အတ္တနှင့်ပရ ယှဉ်တွဲသုံးသပ်ကာ အရာရာတွင် မျှတအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့သည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ဆင်ချောင်းဘူတာရုံ တည်ဆောက်ရေး လုပ်ငန်းခွင်၌ ဘူတာရုံတည်ဆောက်မည့် မြေနေရာအနေအထားလျာထားချက်နှင့် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာအုပ်စုရှိ ဆင်ချောင်းကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုအကြား ဆက်သွယ်ပေါင်းကူးသွားလာနိုင်ရန် ဆောက်လုပ်လျက်ရှိသည့် လယ်ကြီးသံကူကွန်ကရစ်တံတားနှင့် တာပေါင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ သူဌေးကုန်းကျေးရွာဇာတိ ဦးသန့်စင်-ဒေါ်သန်းသန်းအေး အောင်မော်တော်ယာဉ်ထုတ်လုပ်ရေး(မန္တလေး)က ဆောက်လုပ်လှူဒါန်းသည့် ဇီးကုန်းကျေးရွာနှင့် သူဌေးကုန်းကျေးရွာအကြား ဆက်စပ်သွားလာနိုင်ရေး ဆောက်လုပ်လျက်ရှိသော အောင်သံကူကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း ရောက်ရှိကြပြီးတံတားများတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါတံတားများနှင့် တာပေါင်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း မိမိရပ်ရွာအကျိုးအတွက် စေတနာထားကာ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝင်ရောက် လုပ်အားပေးကူညီဆောင်ရွက်လျက်ရှိကြသည့် ဇီးကုန်းကျေးရွာအုပ်စုမှ စေတနာ့လုပ်အားရှင် ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် သူဌေးကုန်းကျေးရွာသို့ ရောက်ရှိကာ အလှူရှင် ဦးသန့်စင်-ဒေါ်သန်းသန်းအေး အောင်မော်တော်ယာဉ်ထုတ်လုပ်ရေး (မန္တလေး)က ဆောက်လုပ်လှူဒါန်းမည့် ကျေးရွာဆေးပေးခန်းနှင့် စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်နေဆဲလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သူဌေးကုန်းကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ရပ်ရွာကောင်းကျိုးရှက်သယ်ပိုးရာတွင် သာတူညီမျှ စိတ်ဓာတ်ထားရှိကာ အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ အတ္တနှင့်ပရ ယှဉ်တွဲသုံးသပ်ကာ အရာရာတွင် မျှတအောင်ဆောင်ရွက်သင့်ကြောင်း၊ မိမိကိုယ်ကျိုးစီးပွားကိုသာရှေ့တန်းတင်၍ ဘယ်သူသေသေ ငတေမာရင်ပြီးရောဟူသည့် စိတ်ဓာတ်မျိုးကိုဖယ်ရှားကာအများအကျိုး၊ ရပ်ရွာအကျိုးကို ဆောင်ရွက်ရာတွင် ရဲရဲတင်းတင်း လုပ်ဆောင်နိုင်ကြောင်း၊ စုစည်းညီညွတ် စည်းလုံးချစ်ခင်သော စိတ်ဓာတ်ဖြင့် ဒီမိုကရေစီကျင့်စဉ်အတိုင်း နိုင်ငံကြီးသားများပီသအောင် ကျင့်ကြံနေထိုင်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လှူဒါန်း

ညနေပိုင်းတွင် ပခုက္ကူမြို့နယ်ရှိ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းသို့သွားရောက်၍ သင်တန်းကျောင်းအတွင်း မှီတင်းနေထိုင်ကာ ပညာရင်နို့သောက်စို့ ဆည်းပူးနေကြသည့် ချင်းတိုင်းရင်းသား ကလေးငယ်ကျောင်းသားငယ်လေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်နှင့်စားသောက်ဖွယ်ရာများ၊ ငွေပဒေသာပင် အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

အဆိုပါ တောင်ဇလပ်လူငယ်ပျိုးခင်းသင်တန်းကျောင်းသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ကာ သာသနာရေးဝန်ကြီးဌာန၏ ဦးစီးဦးရွက်ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ပစ္စက္ခကာလတွင် သင်တန်းကျောင်း၏ အရိပ်အာဝါသ၌ ခိုလှုံနေသူ ချင်းတိုင်းရင်းသားကလေးငယ် ၆၈ ဦး ရှိကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ခုအနေဖြင့် အဆိုပါကျောင်းတွင် ဆရာတော် ဦးယသက ဦးစီးကာ ဆရာ ဆရာမကိုးဦးဖြင့် သူငယ်တန်းမှအဋ္ဌမတန်းအထိ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားချင်းလူမျိုးကလေးငယ်များ အနေဖြင့် ဝေးလံခေါင်သီသော ဒေသများတွင် နေထိုင်ရသော်ငြားလည်း ပညာရေးခါးဆက်မပြတ်စေရန်နှင့် ပညာရည်ချွန်သောလူငယ်မျိုးဆက်များ ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်ကာ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ အဋ္ဌမတန်းအောင်မြင်ပြီးပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးကာ အဆိုပါဝန်ကြီးဌာနမှ တာဝန်ယူ၍ အခြေခံပညာအထက်တန်းနှင့် ဘွဲ့ရပ်တည်မှု အခြေခိုင်မာစေရန်အတွက် ဆက်လက်သင်ကြား စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ယခုအချိန်အထိ အဋ္ဌမတန်းအောင်မြင်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော အထက်တန်း၊ အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးနေကြသည့် ကျောင်းသား ၂၇ ဦးရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းတွင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာဆိုဆုံးမမှုများ၊ ကျင့်ဝတ်နှင့် နီတိများ၊ မေတ္တာသုတ် ... ကြီး (၁၁)သုတ်ကို ... မြန်မာစာပေ၊ မြန်မ ... နှံ့စပ်ကျွမ်းကျင်စေ ... လျက်ရှိသည့် ... ပျိုးခင်းသင်တန်းကျေ ... နယ်စပ်ဒေသနှင့် ... များ ဖွံ့ဖြိုးတိုးတက် ... တိုင်းရင်းသားစည် ... ပါ တစ်ခန်းတစ်က ... အကူပြုလျက်ရှိသ ... အလှူရှင်များကလ ... ထက်သန်စွာဖြင့် အ ... သာပင်များ လာရေ ... လှူဒါန်းလျက်ရှိကြေ ...

ပြီးပြည့်စုံသည့်စာတမ်းတစ်စောင်ဖြစ်ရေး စာဖတ်အားကောင်းရန်လိုအပ် ဌာနအကျိုးအတွက်ဆောင်ရွက်သင့်သည့် အချက်များတင်ပြ

နေပြည်တော် ဇူလိုင် ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူးများအဆင့် အရာရှိကြီးများ စွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၂)သင်တန်းဆင်းစာတမ်းဖတ်ပွဲကို ဇူလိုင်၂၁ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ တက်ရောက်မှာကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ပေးထားသော ခေါင်းစဉ်အလိုက် သင်တန်းဆင်းစာတမ်းများကို အဖွဲ့အလိုက် တာဝန်ခံများက ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဌာနနှင့်ပတ်သက်သည့်စာတမ်းများ ပြုစုရေးသားနိုင်ရေးအတွက် စာတမ်းခေါင်းစဉ်များ ရွေးချယ်ချမှတ်ပေးခဲ့မှု၊ သင်တန်းသားများ အဖွဲ့အလိုက် ပြုစုတင်ပြခဲ့သည့် စာတမ်းများ၏အားနည်းချက်၊ အားသာချက်နှင့် သုံးသပ်ဖော်ထုတ်တင်ပြချက်များကို ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဌာနမှကြီးမှူး၍ အရာရှိများစွမ်းရည်တိုးတက်မြင့်မားစေရေးအတွက် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေ၊ ယင်းသင်တန်းများ၌ စာတမ်းများ ပြုစုရေးသား၍ စာတမ်းဖတ်ပွဲများ ကျင်းပဆောင်ရွက်ပေးရခြင်း အကြောင်းရင်းများ၊ ပြီးပြည့်စုံသည့် စာတမ်းတစ်စောင် ဖြစ်စေရေးအတွက် စာဖတ်အားကောင်းပြီး အချက်အလက်များစုဆောင်းတတ်ရန်၊ စာတမ်းအပေါ် အထောက်အပံ့ ဖြစ်စေမည့်ထင်ရှားပြဆိုသည့်ဥပမာများပေးရန်နှင့် ဖော်ထုတ်ချက်များရေးသားရန် လိုအပ်မှု၊ သုံးသပ်ဖော်ထုတ်ချက်များမှတစ်ဆင့် ဌာနအကျိုးအတွက် ဆောင်ရွက်သင့်သည့် အချက်များတင်ပြနိုင်ရေး၊ ထိုသို့တင်ပြရာတွင် နိုင်ငံတကာစံများနှင့်အညီဖြစ်စေရေးအတွက် ဗဟုသုတကြွယ်ဝစေရေးနှင့်နည်းပညာများ အသုံးပြုဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၄

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၃၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (၁ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရွှေကျင်မြို့တွင် ၆ ဒသမ ၂၆ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ ညောင်လေးပင်မြို့တွင် ၅ ဒသမ ၂၄ လက်မ၊ မဒေါက်မြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ဝမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မြဝတီမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၃ ဒသမ ၀၅ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တွေ့ဆုံအားပေး

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမော... ရှိ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းမှ ချ... ကလေးငယ်ကျောင်းသားငယ်လေးများအား တွေ့ဆုံအ...

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအေ... စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့ လာရေ...

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုအား... ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် Mr. Jeffery Chan ဦးဆောင်သည့် ကိုယ်စားလှယ်အ... တွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၂၄

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုအား စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် Mr. Jeffery Chan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ ဖွဲ့စည်းမှု၊ လုပ်ငန်း... နှင့် နှစ်နိုင်ငံတရား... အမြင်ချင်းဖလှယ်... မေးမြန်းဖြေကြားခဲ့...

အဆိုပါတွေ့... လွှတ်တော်တရားစီ... ရေးရာကော်မတီအ... ရောက်ခဲ့ကြသည်။

ထားရှိ

ဆောင်ရွက်

တွေ့ဆုံအားပေး

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင် ပခုက္ကူမြို့နယ်ရှိ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းမှ ချင်းတိုင်းရင်းသား ကလေးငယ်ကျောင်းသားငယ်လေးများအား တွေ့ဆုံအားပေးစဉ်။

(သတင်းစဉ်)

...ခိုလှုံနေသူ ချင်း ...းငယ် ၆၈ ဦး ...တော်ကြီးသင်ပညာ ...အနေဖြင့် အဆိုပါ ...တော် ဦးယသက ...မကိုးဦးဖြင့် သူငယ် ...ထိ ပညာသင်ကြား ... တိုင်းရင်းသား ...ယ်များ အနေဖြင့် ... ဒေသများတွင် ...လည်း ပညာရေး ...န်နှင့် ပညာရည်ချွန် ...များ ပေါ်ထွန်းလာ ...ရွယ်ကာ ဖွင့်လှစ် ...း၊ အဌမတန်း ... နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးကာ အဆိုပါဝန်ကြီးဌာနမှ တာဝန်ယူ၍ အခြေခံပညာအထက်တန်းနှင့် ဘွဲ့ရပ်တည်မှု အခြေခိုင်မာစေရန်အတွက် ဆက်လက်သင်ကြား စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ယခုအချိန်အထိ အဌမတန်းအောင်မြင်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော အထက်တန်း၊ အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးနေကြသည့် ကျောင်းသား ၂၇ ဦးရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းတွင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာဆိုဆုံးမမှုများ၊ ကျင့်ဝတ်နှင့်နီတိများ၊ မေတ္တသုတ်အပါအဝင် ပရိတ်ကြီး (၁၁)သုတ်ကို သင်ကြားပေးပြီး မြန်မာစာပေ၊ မြန်မာစကားကို ရေလည်နှံ့စပ်ကျွမ်းကျင်စေရန် သင်ကြားပို့ချပေးလျက်ရှိသည့် တောင်ဇလပ်လူငယ်ပျိုးခင်းသင်တန်းကျောင်း(ပခုက္ကူ)သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုလျက်ရှိသည်။ စေတနာရှင်၊ အလှူရှင်များကလည်း သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ၊ ငွေပဒေသာပင်များ လာရောက်စိုက်ထူထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

...တ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုအား ...ငံ ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

...တ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုအား စင်ကာပူနိုင်ငံ ... ဒုတိယရှေ့နေချုပ် Mr. Jeffery Chan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်

(သတင်းစဉ်)

...ဇူလိုင် ၂၄ ...တ်တရားစီရင်ရေး ...ကော်မတီဥက္ကဋ္ဌ သူရ ... စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် Mr. Jeffery Chan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ [illegible] ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် နှစ်နိုင်ငံတရားစီရင်ရေးဆိုင်ရာများ အမြင်ချင်းဖလှယ်ခဲ့ပြီး အပြန်အလှန်မေးမြန်းဖြေကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

...ပြင်နှင့် ဘင်္ဂလား ...ကောင်းနေသည်။ ...တစ်လျှောက်နှင့် ...များကျရောက်ပြီး ...ည် ရေပြင်မြေပြင် ...င်းဒေသများတွင် ...စ်ကြိမ် ထစ်ချုန်း ... ထစ်ချုန်းရွာမည်။ ...ျား မိုးထစ်ချုန်း

ရင်းနှီးချစ်ကြည်၊ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

မြင့်စိုး(နတလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ (၁၃-၁၂-၂၀၁၁) ရက်နေ့မှ (၁၇-၁၂-၂၀၁၁) ရက်နေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ် လမ်းညွှန်ချက်တွေထဲမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေမှာ တက်ရောက်သင်ယူနေသူ ကျောင်းသား ကျောင်းသူလေးများအနေနဲ့ ဒေသန္တရဗဟုသုတရရှိစေမယ့် လေ့လာရေးခရီးစဉ်တွေ စီစဉ်ဆောင်ရွက်ပေးဖို့ ပါရှိခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်နဲ့အညီ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနဲ့ လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်းမြို့များရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၈ ဦးကို အုပ်ချုပ်သူတွေနဲ့အတူ စနစ်တကျစုဖွဲ့ပြီး နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့တွေကို လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပါတယ်။

လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူလေးများကို မတ်လ ၂၈ ရက်နေ့မှာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သူတို့ခေတ္တတည်းခိုနေထိုင်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှာ တွေ့ဆုံအားပေးစကားပြောကြားခဲ့ပါတယ်။ အဲ့ဒီနေ့မနက်ပိုင်းမှာပဲ စစ်ကိုင်းမြို့က ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မန္တလေးမြို့မှာရှိတဲ့ မဟာမုနိဘုရားကြီး၊ မန္တလေးတောင်၊ ကျောက်တော်ကြီးဘုရား၊ မဟာကုသိုလ်တော်ဘုရားတို့ကို ဖူးမြော်ပြီး အတုလဝေယံကျောင်း၊ ရွှေနန်းတော်ကျောင်း၊ မြနန်းစံကျော်ရွှေနန်းတော်ကြီးတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။

မတ်လ ၂၉ ရက်နေ့မှာ နေပြည်တော်ကိုရောက်ရှိပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နဲ့ ရေပန်းဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုလေ့လာ အပန်းဖြေခဲ့ကြပါတယ်။ မတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှာတော့ နေပြည်တော်အတွင်းရှိ သပြေကုန်းဈေး၊ ဇမ္ဗူသီရိဟိုတယ်ဇုန်၊ မြို့မဈေးတို့ကို ဝင်ရောက်ကြည့်ရှုလေ့လာရင်း တပျော်တပါး ဈေးဝယ်ကြပါတယ်။ ထိုမှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြပြီး တိရစ္ဆာန်ဥယျာဉ်ကို ရောက်ရှိခဲ့ကြပါတယ်။ မွန်းလွဲပိုင်းမှာ နေပြည်တော်က ပြန်လည်ထွက်ခွာပြီး ပလိပ်မြို့မှာရှိတဲ့ မြွေဘုရားကို ဝင်ရောက်ဖူးမြော်ကြပါတယ်။ မတ်လ ၃၁ ရက်နေ့မှာတော့ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၊ ပိတ်ချင်းမြောင်လိုဏ်ဂူ စသည်တို့ကို ဖူးမြော်လေ့လာခဲ့ကြပြီး ညနေပိုင်းမှာ လားရှိုးမြို့ကို ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ဧပြီလ ၁ ရက်နေ့မှာတော့ လေ့လာရေးအဖွဲ့ဝင်များဟာ ကွမ်းလုံနှင့် တန့်ယန်းမြို့များကို ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။

အခုလို လေ့လာရေးခရီးစဉ် စီစဉ်ပေးခြင်းအားဖြင့် အထွေထွေဗဟုသုတနဲ့ ဒေသန္တရဗဟုသုတများ တိုးပွားရရှိစေတဲ့အပြင် သင်တန်းကျောင်းသုံးခုက တိုင်းရင်းသားကျောင်းသား ကျောင်းသူလေးများအနေနဲ့ အတူတကွရင်းနှီးချစ်ကြည်စွာ ခရီးသွားလာကြရင်း တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ဖလှယ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒေသအတွေ့အကြုံ ဗဟုသုတများကိုလည်း သူတို့သိသလောက် မြင်သလောက် ပြန်လည်မျှဝေကြမှာ ဖြစ်ပါတယ်။

ကွမ်းလုံလူငယ်သင်တန်းကျောင်းက ကလေးတွေဟာ ကွမ်းလုံမြို့ရဲ့ထင်ရှားလှတဲ့ ကွမ်းလုံတံတားကြီးအကြောင်း ပြောပြပါလိမ့်မယ်။ ချင်းရွှေဟော်၊ နမ့်တစ်နဲ့ လောက်ကိုင်မြို့တွေရဲ့ အံ့မခန်းဖွံ့ဖြိုးတိုးတက်မှုတွေအကြောင်း ပြောကြမှာ အသေအချာပါပဲ။ အလားတူ တန့်ယန်းမြို့ လူငယ်သင်တန်းကျောင်းက ကလေးတွေဟာလည်း မြို့အထွက်က လက်ဖက်စိုက်ခင်းကြီးတွေအကြောင်းနဲ့ လက်ဖက်ခြောက်စက်ရုံအကြောင်းအပါအဝင် ပြောစရာတွေက စီကာစဉ်ကာ ရှိနေလေရဲ့။

ဒီလိုမျိုး နိုင်ငံတော်ရဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ပတ်သက်လို့ ကောင်းတဲ့အစဉ်အလာတွေကို အမှတ်ရနေမိပါတယ်။ ဒါကတော့ နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသအသီးသီးမှာရှိတဲ့ တိုင်းရင်းသား တိုင်းရင်းသူတွေ၊ ကျောင်းသား ကျောင်းသူတွေကို လေ့လာရေးခရီးစဉ်ခေါ်ယူပေးတာ၊ နှစ်စဉ်သင်္ကြန်ကာလရောက်တိုင်း ယဉ်ကျေးမှုအဖွဲ့တွေ ဖိတ်ကြားခေါ်ယူခဲ့တာပဲ ဖြစ်ပါတယ်။ ကျွန်တော်မှတ်မိသလောက် ၁၉၉၃ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်လောက်အထိ နှစ်စဉ်ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

ခရစ်နှစ် ၂၀၀၂ ခုနှစ်ကို ကျွန်တော်တို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ တိုင်းရင်းသားနှစ်လို့တောင် ဆောင်းပါးတစ်ပုဒ်ထဲမှာ တင်စားပြီး သုံးနှုန်းခဲ့မိပါသေးတယ်။ အဲဒီနှစ်မှာ များလိုက်တဲ့လေ့လာရေးအဖွဲ့တွေ။ ပထမဆုံး ဇန်နဝါရီလထဲမှာ ရခိုင်ဒေသ ဘူးသီးတောင် မောင်တောမြို့နယ် ကျေးရွာတွေက မြို၊ ခမီး တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်(၃၀)ဦး ရောက်လာပါတယ်။ ရိုးသားဖြူစင်ပြီး တောတောင်ထူထပ်၊ ချောင်းမြောင်းပေါတဲ့အရပ်ဒေသမှာ တောင်ယာလုပ်ကိုင် အသက်မွေးဝမ်းကျောင်းကြတယ်။ လူကြီးမိဘတွေကို ရိုသေကိုင်းရှိုင်းတဲ့နေရာမှာ အတုယူစရာကောင်းလှပါတယ်။ မိရင်းဖရင်းတွေကို လုပ်ကျွေးသမှုပြုရုံမျှမက သားထောက်သမီးခံမရှိရှာကြတဲ့ မြို့တိုင်းရင်းသား သက်ကြီးရွယ်အိုတွေဆိုရင် လူငယ်ကာလသားတွေက စုပေါင်းတောင်ယာလုပ်ပြီး ဝမ်းစာဖြည့်ပေးတတ်ကြတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ရခိုင်ဒေသမှာ စိုးစံခဲ့တဲ့ မင်းအဆက်ဆက်မှာ သက္ကရာဇ် ၁၃၁ ခုနှစ်ကနေ ၁၅၆ ခုနှစ်အထိ (၂၅) နှစ်တိုင်တိုင် မြို့မင်းဆက်နှစ်ဆက် ထူထောင်နိုင်ခဲ့ကြောင်း သိလိုက်ရတော့ မြို၊ ခမီးတိုင်းရင်းသားတွေအတွက် ဂုဏ်ယူလိုက်မိပါသေးတယ်။ ရန်ကုန်၊ သန်လျင်၊ ကျောက်တန်းဒေသတွေမှာ သွားရောက်လေ့လာပြီး ပြန်ခါနီး နှုတ်ဆက်သွားပုံက "တင်းကျန်ဖူးဇာ"တဲ့။ ကျေးဇူးတင်ပါတယ်လို့ ပြောသွားကြတာပါ။ ခမီးလိုဆိုရင်"ကျေးဇူးနာတင်ရကင်" ပါတဲ့။

သူတို့အဖွဲ့ပြန်ပြီးမကြာမီ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံ၊ ပုံပါကျင်ဒေသက လေ့လာရေးအဖွဲ့ဝင် ၄၁ ဦး၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပုံပါကျင်အဖွဲ့ပြန်တော့ အဲဒီနေ့မှာပဲ ရခိုင်ဒေသ မောင်တောမြို့နယ် အောင်သပြေနဲ့ပတ်ဝန်းကျင်ရွာတွေက လေ့လာရေးအဖွဲ့ဝင်တွေ လေယာဉ်နဲ့ရောက်လာပါရော၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာတော့ အမ်းဒေသမှာ သီတင်းသုံးနေတဲ့ ဆရာတော် ၁၂ ပါးနဲ့ ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၁၆၂ ဦး ရောက်လာပါတယ်။ ပါးမည်း(ပါးရဲ)ထိုးထားတဲ့ ချင်းတိုင်းရင်းသူကြီးလေးဦးပါလာတာမို့ ဦးဆောင်ဦးရွက်ပြုလာတဲ့ ဆရာတော်ဘဒ္ဒန္တဝရာလင်္ကာရက ဘုန်းကြီးတို့ဒေသမှာ ပါးရဲထိုးထားသူဆိုလို့ ဒီလေးယောက်ပဲကျန်တော့တယ်။ နောင်မြင်တွေ့ရဖို့ခဲယဉ်းပြီ။ မမြင်ဖူးရင် ကြည့်ထားကြလို့ မိန့်တော်မူသွားတာလည်း ခုထိမှတ်မိနေပါတယ်။ ဒီအဖွဲ့တွေရဲ့နောက်မှာ ရောက်လာကြတာက ကချင်ဒေသကတစ်ဖွဲ့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသက တစ်ဖွဲ့၊ ဧပြီလထဲရောက်တော့ သင်္ကြန်ပွဲတော်ဆင်နွှဲဖို့ အရပ်ဒေသအသီးသီးက တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ ၁၄ ဖွဲ့ကို ဖိတ်ကြားခေါ်ယူခဲ့ပါတယ်။ ဒါဟာ ၂၀၀၂ တစ်ခုတည်းကိုပဲ အမှတ်တရအနေနဲ့ ပြန်ပြောပြခြင်းဖြစ်ပါတယ်။ သင်္ကြန်ကာလမှာဆိုရင်လည်း ယဉ်ကျေးမှုအဖွဲ့ဝင်တွေကို ၁၉၉၃ ခုနှစ်မှာ ထားဝယ်နဲ့ ဓနုအကနှစ်ဖွဲ့ စတင်ဖိတ်ကြားခေါ်ယူရာကနေ နှစ်စဉ်ဖိတ်ကြားခေါ်ယူခဲ့တာဟာ ၂၀၀၃ ခုနှစ်ရောက်တော့ (၁၉)ဖွဲ့၊ ၂၀၀၄ ခုနှစ်မှာ (၁၇)ဖွဲ့အထိရှိလာခဲ့ပါတယ်။ သူတို့ဟာ ယဉ်ကျေးမှုသံတမန်တွေပါပဲ။

တင်ပြလိုရင်းက လေ့လာရေးအဖွဲ့တွေ ခေါ်ယူလေ့လာစေခဲ့တဲ့ ယဉ်ကျေးမှုအဖွဲ့တွေ ဖိတ်ကြားခေါ်ယူပြီး ရိုးရာယဉ်ကျေးမှုအကတွေကို ကပြစေခဲ့တဲ့ နိုင်ငံတော်ရဲ့မျှော်မှန်းချက်ဟာ ကြီးမားကျယ်ပြန့်ပါတယ်။ အခုလိုလေ့လာရေးခရီးစဉ်တွေ စီစဉ်ပေးခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု ပိုမိုခိုင်မြဲစေပါတယ်။ တစ်ဦးရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို တစ်ဦးကသိရှိနားလည်လေးစားလိုက်နာနိုင်စေခဲ့ပါတယ်။ ဖလှယ်ခွင့်ရစေခဲ့ပါတယ်။ တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ခွင့်ရပြီး စက်ရုံ၊ အလုပ်ရုံတွေ၊ စက်မှုဇုန်တွေ၊ မြို့ပြတည်ဆောက်ရေးနဲ့ မြေယာအလှရှုခင်းတွေ၊ ဇာတိသွေးဇာတိမာန်တက်ကြွစေမယ့် တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်တွေကို လေ့လာခွင့်ရခဲ့ကြပါတယ်။ နိုင်ငံတော်တစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုတွေကို လက်တွေ့သိမြင်သွားပြီးတဲ့နောက်မှာ မိမိတို့ဒေသပြန်ရောက်တဲ့အခါ အတွေ့အကြုံတွေဖောက်သည်ချရင်း ဒေသအကျိုးအတွက် သယ်ပိုးထမ်းရွက်ကြပါလိမ့်မယ်။

ဒါ့ကြောင့် ယခုလို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖြစ်ကြတဲ့ လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်းမှကျောင်းသား ကျောင်းသူလေးများရဲ့ လေ့လာရေးခရီးစဉ်အပြင် အခြားအခြားသော လေ့လာရေးခရီးစဉ်များကို ဖိတ်ကြားစီစဉ်ဆောင်ရွက်ပေးမယ်ဆိုရင်ဖြင့် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်တဲ့ ရလဒ်ကောင်းတွေ ရရှိနိုင်ပါမယ်။ သူတို့ကတစ်ဆင့် နေရာဒေသအနှံ့အပြားကို ဝေမျှရောက်ရှိသွားမယ့် ပုံရိပ်တွေကြောင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ များစွာ အထောက်အကူပြုမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပဒေသာပင်မြို့တော် ဂန္ဓမာ (၆)လမ်းနေ ဖခင်ကြီး ဦးကျင်းကြိုင်၊ သား ဦးကြည်မြင့်တို့အားရည်စူး၍ ဇနီး ဒေါ်ဘီလင်းမိသားစုတို့က ထာဝရဆွမ်း၊ ဆေး၊ ပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း စာအုပ်ခင်ကဏ္ဍ ၂၄-၇-၂၀၁၂

ကိုလင်း-စုစည်းသည်

ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ပွဲတော်များစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ဓမ္မာစရိယဦးအေးနိုင်(ဘီအေ)ရေးသားထားသောဗုဒ္ဓယဉ်ကျေးမှုမြန်မာ့ဓလေ့ပွဲတော်များစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံပွဲများနှင့်ပတ်သက်၍ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ဘုရားအနေကဇာတင်ပွဲ၊ ဘုရားကိုးဆူပူဇော်ပွဲ၊ ရှင်ဥပဂုတ်ပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲ၊ သီတင်းကျွတ် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲ၊ အသံမစဲပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲ၊ ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းသွတ်တရားနာယူပွဲ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ စတုဒိသာကျွေးပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲ၊ မဟာဒုက်ဆွမ်းအလှူပွဲ၊ ရှင်ပြုမင်္ဂလာပွဲစသည်တို့ ပါဝင်သည်။ စာအုပ်ကို အလင်းသစ်စာပေ အမှတ် (၁၇) အခန်း (၆၀၁) ၅၂လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

— — — — —

ရှင်မြူးလေ့လာ ဉာဏ်စမ်းပညာစာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ဦးထွန်းကျော်ရေးသားသော ရှင်မြူးလေ့လာ ဉာဏ်စမ်းပညာစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင်ဉာဏ်ပညာထက်မြက်ပြီး သွက်လက်ချက်ချာသည့် ကလေးများဖြစ်လာစေရန် အထောက်အကူပြုသည့် ကစားနည်းများပါဝင်သည်။ ဉာဏ်စမ်းကစားနည်းများသည် ကလေးများ၏ စဉ်းစားဉာဏ်ကိုပွင့်လန်းစေပြီး ပျော်ရွှင်မှုကိုလည်း ပေးနိုင်မည်ဖြစ်သည်။ စာအုပ်တွင် အရုပ်ကလေးဆက်ကြမယ်၊ ဒီဇိုင်းဆရာလုပ်ကြမယ်၊ အရုပ်လှလှဆက်ကြစို့၊ ပျားအုံကစားကွင်း၊ ဆူဒိုခုမူကွဲ၊ ကိန်းဂဏန်းလေး ချစ်စဖွယ် စသည့် အခန်းငါးခန်းပါဝင်သည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိထားကြောင်းသိရှိရသည်။

— — — — —

နှစ်ကြောင်းရေး တစ်ကြောင်းခြစ် စာအုပ်ထုတ်ဝေဖြန့်ချိ



ရွှေအမြုတေ မဂ္ဂဇင်းများတွင် ရေးသား ဖော်ပြခဲ့သော စာရေးဆရာ ဝင်းငြိမ်း၏ 'နှစ်ကြောင်းရေး တစ်ကြောင်းခြစ်'စာပေရေးသားခြင်းဆိုင်ရာဆောင်းပါး (၃၄)ပုဒ် စုစည်းထားသည့် စာအုပ်ထွက်ရှိလာသည်။ စာရေးဆရာ၏ အမှာစကားတွင် "စာစရေးမယ်ဆိုရင် စာကြမ်းကို စရေးရမယ်၊ ပြန်ဖတ်ကြည့်ပြီး မလိုအပ်ဘဲ ဖောင်းပွနေတာကို ခြစ်ထုတ်ရပါမယ်။ ပြီးတော့ တစ်ကြိမ်ပြန်ကူး၊ ကူးပြီးသားကို ပြန်ဖတ်ကြည့်၊ နောက်ထပ်မလိုအပ်တာ တွေ့လာရင် ဒုတိယအကြိမ် စိစစ်ရပြန်ပါတယ်။ ဒါကြောင့် စာပေဆောင်းပါးများရဲ့ စုစည်းမှုကို **နှစ်ကြောင်းရေး တစ်ကြောင်းခြစ်**လို့ ခေါင်းစဉ်တပ်လိုက်ခြင်းပါ" ဟု ဖော်ပြထားသည်။ စာအုပ်ကို စာနဒီစာအုပ်တိုက် အမှတ် (၂၂၂) တတိယထပ် ၃၅ လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၀၉-၅၀၇၁၁၉၆၊ ၀၉-၅၀၇၁၁၉၇ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

— — — — —

ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံ လမ်းညွှန် အဘိဓာန်စာအုပ်ထုတ်ဝေ

စာရေးဆရာတင်နိုင်တိုးပြုစုသော ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံလမ်းညွှန် အဘိဓာန်စာအုပ်ထွက်ရှိလာသည်။ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံဒေသများနှင့် ပတ်သက်လာလျှင် မြန်မာပြည်သူပြည်သားများပင် သတိမမူမိကြသေးသော အကြောင်းအရာများစွာရှိသည်။ စာအုပ်ကို ဖတ်ခြင်းဖြင့် ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံဝန်းကျင်ဒေသများကို ယေဘုယျအားဖြင့် သိရှိရမည်ဖြစ်သည်။ ရှားပါးသော သမိုင်းဝင်ဓာတ်ပုံများ၊ ရှားပါးသော သမိုင်းဝင်နေရာများနှင့်အတူ ရှေးဟောင်းစေတီပုထိုးများပါရှိသည်။ ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

— — — — —

လုပ်ငန်းခွင်သုံး Video ခွေ ဖန်တီးမှု နည်းပညာစာအုပ်ထုတ်ဝေ

စာရေးဆရာဝေဖုန်းနိုင်၏ လုပ်ငန်းခွင်သုံး Video ခွေဖန်တီးမှုနည်းပညာစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် ပြီးပြည့်စုံသည့် Video ခွေတစ်ချပ်ကို မည်သို့ဖန်တီးမည်။ လှပသော Video Menu များ ဖန်တီးနည်း၊ Title များ ပြုလုပ်နည်း၊ စာတန်းထိုးနည်း၊ Menu နှင့် Title လှုပ်ရှားမှုများ ဖန်တီးနည်း စသည်တို့ပါဝင်သည်။ အဆိုပါစာအုပ်ကို ဖတ်ရှုခြင်းဖြင့် မိမိစိတ်ကူးထဲမှ လှပသောပုံရိပ်များနှင့်အတူ ဖန်တီးထားသည့် ဒီဗွီဒီအခွေ(သို့မဟုတ်)Blu-Ray Disc တစ်ခွေရရှိလာစေရန် အထောက်အကူပြုမည်ဖြစ်သည်။ အဆိုပါစာအုပ်ကို မနောဖြူစာပေ အမှတ် (၂၃၅) မြေညီထပ် ၃၇ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃ မှ ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ဖားကန့်မြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ဖားကန့် ဇူလိုင် ၂၄

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ဖားကန့် အထကပညာရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က အမှာစကားပြောကြားပြီး ဖားကန့်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိဏ်းက ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့နှင့် ပတ်သက်၍ အခွန်ထမ်းပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပရိုဂျက်တာဖြင့်ပြသ၍ ပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ ပြန်လည်ဆွေးနွေးမေးမြန်းမှုများကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ (ဝဗင)

အဓိပတိကျောင်းဆောင်သစ် ဆားလင်းကြီးမြို့နယ်၌ ဖွင့်လှစ်

ဆားလင်းကြီး ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဘိုက်သရက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ အဓိပတိနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အချက်အလက်စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင် ဦးကျော်သန်းက မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်မှာ အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၂၂ ပေရှိ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပညာရေး)

မိုဘိုင်းလ်ဖုန်းများ ဈေးနှုန်းကျဆင်းရန် ယခုနှစ်အတွင်း အလားအလာမရှိနိုင်

ရန်ကုန် ဇူလိုင် ၂၄

ခင်လေးမြင့်အောင်

ဈေးကွက်အတွင်း၌ ဈေးနှုန်းများ ကျဆင်းရန်ရှိနေကြောင်း ပြောဆိုသံများကြောင့် အရောင်းအေးလျက်ရှိသည့် ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ ၈၀၀၊ ဒဗလျူစီဒီအမ်အေ ဆင်းမ်ကတ်များကို ယခုနှစ်ကုန်ပိုင်းအထိ ဈေးနှုန်းလျှော့ချရန် အစီအစဉ်မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရွှေဂုံတိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“အပြင်မှာတော့ ပြောသံတွေ ကြားနေရပါတယ်။ ဆက်သွယ်ရေးအနေနဲ့ကတော့ ဒီနှစ်ကုန်ပိုင်းအထိ ဈေးနှုန်းလျှော့ချဖို့တော့ မရှိသေးပါဘူး။ လက်ရှိမှာ အသုံးပြုနေတဲ့ လိုင်းတွေကိုပဲ အင်တာနက်မြန်နှုန်းပြည့်မီအောင်၊ ဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် ဂျီအက်စ်အမ်တွေရော စီဒီအမ်အေတွေမှာပါ အင်တာနက်ကို အလွယ်တကူနဲ့ တပ်ဆင်နိုင်အောင် ဆောင်ရွက်ပေးနေပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။

ပြင်ပရှိ လက်ကိုင်ဖုန်းဈေးကွက်အတွင်း၌ မကြာမီကာလအတွင်း လက်ကိုင်ဖုန်းဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်းကြောင့် မိုဘိုင်းလ်ဖုန်းများ လျှောက်ထားသူဦးရေ လျော့နည်းလာကာ အရောင်းပါးလျက်ရှိကြောင်း သိရှိရသည်။

“ပြောသံကြားတာတော့ နှစ်မကုန်ခင်မှာ ဖုန်းတစ်လုံးကို ငါးသောင်းစီ ဈေးကျမယ်။ ဂျီအက်စ်အမ်ဆိုရင် ကျပ်တစ်သိန်းခွဲဆိုပြီးလည်းကြားမိတယ်။ အခုနောက်ဆုံးကြားတာက ဆက်သွယ်ရေးက ဖုန်းတစ်လုံးကို ကျပ်ရှစ်သောင်း၊ ငါးသောင်းအထိ ဈေးကျတော့မယ်ဆိုပြီးလည်းကြားတယ်။ အများစုကတော့ မယုံနိုင်ပေမယ့် ဝယ်ချင်တဲ့သူတွေက ဟုတ်များနေမလားဆိုပြီး မဝယ်ကြဘူး”ဟု တာမွေမြို့နယ်ရှိ မိုဘိုင်းလ်ဖုန်းရောင်းချသည့် ဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်ကပြောသည်။

လက်ရှိတွင် ဆင်းမ်ကတ်များ အရောင်းအဝယ်ပါးလျက်ရှိသော်လည်း အင်တာနက် လျှောက်ထားသူဦးရေမှာ တိုးပွားလာခဲ့သည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများအနေနှင့်လည်း ဝန်ဆောင်မှုများမှာ ယခင်ကထက် လျင်မြန်လာခဲ့ပြီး လျှောက်ထားချိန် နာရီပိုင်းအတွင်းရရှိလာနိုင်ကြောင်း လျှောက်ထားသူများထံက သိရသည်။

“အင်တာနက်ဆိုင်ကနေသုံးတာထက် ပိုပြီးအဆင်ပြေလာပါတယ်။ စီဒီအမ်အေတွေကတော့ လိုင်းပိုကောင်းတာပေါ့။ ဒါပေမယ့် အခုဂျီနဲ့ သုံးနေတာတောင် ညနေပိုင်းကို အတက်ချ်ဖိုင်တွေပို့ရတာ ကောင်းနေတယ်။ ညဘက်ဆိုရင်တော့ ကွန်နက်ရှင်က ပိုကောင်းပါတယ်”ဟု သုံးစွဲသူ ပြည်တွင်းဂျာနယ်သတင်းထောက်တစ်ဦးက ထောက်ခံပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနှင့်လည်း ဆက်သွယ်မှုလုပ်ငန်းများ နိုင်ငံတကာအဆင့်အတန်းပြည့်မီလာစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းနိုင်ရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင်လည်း ပုဂ္ဂလိကကုမ္ပဏီ ၁၃ ခုတို့နှင့် ပူးပေါင်းကာ ငါးနှစ်စီမံကိန်း၏ ပထမနှစ်စီမံကိန်းအဖြစ် လက်ရှိမိုဘိုင်းလ်ဖုန်းများ ချထားပေးနေကြောင်း သိရှိရသည်။ ။

ကျေးဇူးရှင် ဆရာပြောင်ကြီးနှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၂၈ သမ္မာဒိဋ္ဌိလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဦးကျော်မင်း-ဒေါ်မြင့်မြင့်သိန်း(ဆရာပြောင်ဆေးတို့ဖတ်ကြီး)မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ဝင်းအတွင်းရှိ သာသနာ့နွယ်ဝင်သီလရှင်ဆေးရုံတိုးချဲ့ပြင်ဆင်ရန် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ASEAN ICT AWARD ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ASEAN ICT Masterplan 2012 ပါ ICT ကဏ္ဍတွင် အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် အခြားအဖွဲ့အစည်းများကြား ကြံဆတီထွင်မှုများ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် အစီအစဉ်အရ ပထမဆုံး ASEAN ICT AWARD ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲအမျိုးအစားများမှာ Public Sector, Private Sector, Corporate Social Responsibility, Digital Content, Start up Company စသည်ဖြင့် ငါးမျိုးခွဲခြားထားပြီး ပြိုင်ပွဲဝင်Project များကို ဩဂုတ်လ ၁၅ ရက်နောက်ဆုံးထား၍ Online မှ တင်သွင်းရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို www.aseanictaward.com တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။ (၁၆၈)

ပညာသင်ထောက်ပံ့ငွေများ မိုင်းဆတ်မြို့နယ်၌ ပေးအပ်

မိုင်းဆတ် ဇူလိုင် ၂၄

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မိုင်းဆတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ကြီးမှူး၍ သက်ကြီး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အဖွဲ့ဝင်များ၏သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သူဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေများကို နယ်မြေခံ တပ်နယ်မှဗိုလ်မှူးကြီး အောင်သူဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အသက် ၇၅ နှစ်အထက် အဖွဲ့ဝင် လေးဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် သုံးဦး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၂၆ ဦး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီး ကျောင်းသားကျောင်းသူ ၁၂၆ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထိုင်းနိုင်ငံ Khon Kaen မြို့ရှိ Mekong Institute တွင် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၄ ရက်အထိကျင်းပမည့် Enhancing Utilization of ASEAN FTA, Trade Negotiation and Trade Policy Development ကို တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်မူမူလှိုင် ဇူလိုင် ၂၂ ရက်က လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် လူမှုရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်စန်းမြင့်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်ကြစဉ်။ (မြန်မာ့အလင်း)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

တပ်ကုန်း ဇူလိုင် ၂၄

ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အထကောင်းများ ဖြစ်ပေါ်စေရေးနှင့် ကျေးလက်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးခိုင်မာစေရေးကို ရည်ရွယ်၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၂/၂၀၁၂)ကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာရန် အောင်ကျောင်းတိုက်၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းသို့ ကျေးရွာများမှ စာကြည့်တိုက်မှူး၊ တွဲဖက်စာကြည့်တိုက်မှူးနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ စာပေလက်ထောက်-၃ ဒေါ်သန်းသန်းနွယ်တို့က စာအုပ်မျိုးတူပြုစုခြင်း၊ မှတ်ပုံတင်ရေးသွင်းခြင်း၊ စာငှားရမ်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာအုပ်ချုပ်နည်းတို့ကို ဆွေးနွေးပို့ချခဲ့ပြီးနောက် သင်တန်းသား သင်တန်းသူများအား ဒို့ကျေးရွာဂျာနယ်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင် မထသ မော်တော်ယာဉ်အခမဲ့ ပြေးဆွဲ

မအူပင် ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီ၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းတို့ ဦးဆောင်မှုဖြင့် ဇူလိုင် ၁၉ ရက် နံနက် ၅နာရီမှ ညနေ ၆ နာရီအထိ မအူပင်မှ ရန်ကုန်၊ ရန်ကုန်မှ မအူပင်ကားလိုင်းကို ခရီးသွားပြည်သူများအတွက် မော်တော်ယာဉ် အခမဲ့ ပို့ဆောင်ပြေးဆွဲပေးခဲ့ကြောင်း သိရှိရသည်။ **(မထသ)**

တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာ ဆောက်လုပ်လှူဒါန်း

ညောင်လေးပင် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် ရန်ကုန်မြို့နေ အလှူရှင် ဗိုလ်ကြီးခင်ဝင်း-ဒေါ်မူမူ မိသားစုကမတည်ပြီး အလှူရှင်များစုပေါင်းဆောက်လုပ်လှူဒါန်းသော တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံ၏ပင်မဆောင်၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်တို့ ပြုပြင်မွမ်းမံပြီး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါတိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းငွေရုံဆရာတော်ကြီးနှင့် အလှူရှင်မိသားစု၊ ဦးတင်အောင်စိုး၊ ဦးမြင့်ဝေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာခင်ဇော်၊ မဒေါက်မြို့ တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်မာလွင်၊ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၃ဝ)

ကြာအင်းဆိပ်ကြီးမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၄

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက အထကကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပျိုးပင်များပေးအပ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ဗာဒံနှင့် အခြားပျိုးပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်သစ်တော)

အခြေခံမီးသတ်ပညာသင်တန်း မှော်ဘီ၌ဆင်း

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အခြေခံမီးသတ်ပညာ(၁/၂၀၁၂) သင်တန်းဆင်းပွဲ ကျင်းပရာ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းရှိန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းထိုက်စိုးက ဝါးနက်ချောင်းစံပြကျေးရွာ အရန်မီးသတ်တပ်ဖွဲ့သို့ အပေါ့စား မီးသတ်စက်တစ်စုံကို ပံ့ပိုးပေးအပ်ရာ အရန်မီးသတ်ဦးစီးအရာရှိ ဦးလှမြင့်က လက်ခံယူသည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မီးသတ်ဦးစီး)**

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

SKY NET ရုပ်သံလိုင်း၏ London Olympic 2012 တိုက်ရိုက်ထုတ်လွှင့်မှုအထူးအစီအစဉ်

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား...

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပပြုလုပ်မည့် London Olympic 2012

နွေရာသီအိုလံပစ် ပွဲစဉ်တစ်ခုလုံးကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့မှ စတင်ကာ

ဇူလိုင်လ(၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဖွင့်ပွဲ အခမ်းအနားအပါအဝင်ယှဉ်

ပြိုင်မည့် အားကစားနည်း အားလုံး၏ ပွဲစဉ်အားလုံးကို ESPN နှင့် SKY NET

ရုပ်သံလိုင်း တို့ပူးပေါင်း၍ ရုပ်သံလိုင်း(၁၀)လိုင်းမှတစ်ပြိုင်တည်း

တိုက်ရိုက် (Live)ထုတ်လွှင့် ပြသသွားမည် ဖြစ်ပါကြောင်း

ရိုသေလေးစားစွာဖြင့် ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) ၅နှစ်သင်တန်းအတွက် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၁၅၀နှင့် အမျိုးသမီးဦးရေ ၁၅၀၊ စုစုပေါင်း ၃၀၀ဦးလက်ခံမည်။

၃။ လျှောက်ထားသူသည်

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသားကျောင်းသူများကိုယ်တိုင် ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၂၀နှင့်အထက်ရရှိရမည်။

(င) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်ဖြေဆိုရမည်။

(စ) လူတွေ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A-4 size)ဖြင့် ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မိတ္တူ)

(ခ) အမှတ်စာရင်း(မိတ္တူ)

(ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်(မူရင်း)

(င) လိုင်စင်ဓာတ်ပုံ(၃)ပုံ

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဤတက္ကသိုလ်ဝင်ခွင့်လျှောက်ထားပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးကို ရှေးရှု၍ အမှတ်ကန့်သတ်ခြင်းမပြုဘဲ ဦးစားပေးလက်ခံပေးမည်။

၇။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းလိပ်မူ၍ ၂၄-၈-၂၀၁၂ရက်(သောကြာနေ့) နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်စာရင်းကို ဤတက္ကသိုလ်တွင် အချိန်မီထုတ်ပြန်ကြေညာပေးမည်။ ဖြေဆိုခွင့်ရရှိသူများသည် ၃၁-၈-၂၀၁၂ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာနတွင် သတင်းပို့ရမည်။

၉။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါအတိုင်း စစ်ဆေးမည်။

(က) အင်္ဂလိပ်စာ (၃)နာရီမေးခွန်း - ၁-၉-၂၀၁၂ရက်(စနေနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

(ခ) ဇီဝဗေဒ (၃)နာရီမေးခွန်း -၂-၉-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများအား လူတွေ့နှုတ်မေးစစ်ဆေးမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာပါမည်။ **လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ** ယူဆောင်လာရမည်။

၁၁။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၆၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
(၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ) ---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------
၂။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) --
၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် ----------------- ခုနှစ် ------------ စာစစ်ဌာန --------------
၄။ လူမျိုး ------------------------------ ကိုးကွယ်သည့်ဘာသာ ------------------------
၅။ အမြဲနေထိုင်သောလိပ်စာ --

၆။ ဆက်သွယ်ရန်လိပ်စာ --

၇။ ဖခင်အမည် ---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------------------
အလုပ်အကိုင် --
မိခင်အမည် ---------------------- နိုင်ငံသားစိစ်ရေးကတ်အမှတ် ----------------------
အလုပ်အကိုင် --
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ ။ ------------------ ----------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ပါဖော်ပြချက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ ။ ------------------ ----------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးအား ပါဝင်လှူဒါန်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋီ(အဝိဇပတိဌာန)နှင့် တိတ္ထိတို့ကို နှိမ်နင်းပြီး မယ်တော်မိနတ်သားအား ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တနရိန္ဒာဓိပတိ(ဓမ္မာစရိယ M.A, Ph.D)သည် မြေတစ်ဧကဝယ်ယူလျက် **မဟာဇေယျာသုခကျောင်းတိုက်ကြီး**ကို စတင်ဆောက်လုပ်နေပြီဖြစ်ပါသည်။ ကျောင်းတော်ကြီးအလျင်အမြန်ပြီးစီး၍ သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ စေတနာသဒ္ဓါတရားစွမ်းအားများကို အမှန်ပင် လိုအပ်လျက်ရှိနေပေသည်။

သို့ဖြစ်ပါ၍ **ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ** (ဝိဟာရဟူ ကျောင်းအလှူကို ဆူဆူဗုဒ္ဓချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူကုသိုလ်ထူးကြီးကို ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ရက်ရောကြည်ဖြူစွာ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ။

အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ ဆရာတော် ဘဒ္ဒန္တနရိန္ဒာဓိပတိ၊ မဟာဇေယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ၊
ဖုန်း-၀၀၉၁-၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂ ၉၇၇၊ ၀၉-၄၃၀၄၃၀၄၅ (ရန်ကုန်)၊ unarinda08@gmail.com

၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄၊ ၀၉-၅၀၄၂၄၃၉၊ ၀၉-၅၁၂၂၁၉၈

၃။ ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၉-၅၁၉၂၄၄၈၊ ၀၉-၇၃၂၄၁၆၈၇၊ ၀၉-၅၀၁၂၄၇၀

၄။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၁-၅၃၂၀၈၆၊ ၀၉-၅၁၁၃၄၀၄၄၊ ၀၉-၅၁၈၈၃၇၆

၅။ ဒေါ်နီနီဝင်း၊ ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေမြို့နယ်
ဖုန်း-၀၁-၅၄၆၈၂၀၊ ၀၉-၅၀၂၁၁၉၂



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၅၊ မြေကွက်အမှတ် ၁၀၆/ဆ၊ မြေကွက်တည်နေရာ အမှတ် ၄၊ လေဆိပ်ရိပ်သာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက် ဒေါ်မမလေး အမည်ပေါက် BN/၃၃၉ မြေအား အမည်ပေါက် ဒေါ်မမလေး၊ ခင်ပွန်း ဦးဘကျွဲ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်အေး ၁၂/ရကန(နိုင်)၀၁၈၈၂၅၊ (၂) ဒေါ်ခင်ရီ ၁၂/ရကန(နိုင်)၀၂၀၀၀၉၊ (၃) ဦးကျော်မင်း ၈/ဂဂန(နိုင်)၀၀၄၈၁၇၊ (၄) ဒေါ်ခင်ဆန်း ၇/ပခန(နိုင်)၃၇၁၈၈၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ဆရာဝန်ဂေါက်သီးရိုက်အသင်း၏ (၁၀၅) ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ရန်ကုန်မြို့ ငွေသော်တာဂေါက်ကွင်း (YCDC) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းဝင် ဆရာဝန်များအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံ ဆရာဝန်ဂေါက်သီးရိုက်အသင်း

မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ အလုပ်ရုံဆွေးနွေးပွဲဖိတ်ကြားခြင်း

၂၀၁၂-၂၀၁၃ ငါးဖမ်းရာသီတွင် ငါးမဖမ်းရဇရိယာနှင့်ကာလ (Closed Area, Closed Season) သတ်မှတ်ရန် သင့်/မသင့် အတည်ပြုနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၉-၇-၂၀၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးပေးပါရန်နှင့် မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၆/၂၄၇

ဦးမြင့်မောင် **နှင့်** ၁။ ဒေါ်ဥမ္မာသန်း
၂။ ဦးကျော်စွာဦး
၃။ ဦးသိန်းလွင်

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ဈေးကြီးလမ်း၊ အမှတ် ၆၄၊ ဒုတိယထပ်(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်ဥမ္မာသန်းနှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း အမှတ် ၆၄၊ ဒါဘာထပ်(ယခုနေရပ်လိပ်စာမသိ)နေ ဦးကျော်စွာဦးတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မတရားကျူးကျော်သိမ်းပိုက်၍လက်လွှတ်ဆုံးရှုံးခဲ့ရသော တိုက်ခန်းအား ပြန်လည်လက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃ရက်(၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၀၉း၃၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သန်းဝင်း
(တ/၁၇၀၂)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်မဒေါ်သက်ထားအောင် ၁၂/သဃက(နိုင်)၀၄၀၀၅၅ နှင့် ဦးကျော်ဌေး ၁၂/မဂတ(နိုင်)၀၃၅၉၁၁တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၂၃-၇-၂၀၁၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ဒုတိယမြို့နယ်တရားသူကြီး၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူတရားဝင်လက်မှတ်ရေးထိုးကွာရှင်းပြီးစီးပါကြောင်းနှင့် နောက်နောင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သက်ထားအောင်

ပညာရည်ထူးချွန်ဆုချီးမြှင့်ရန်အတွက် လျှောက်ထားရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်၊ ဗီဒီယိုလောကသားများ၏ မိသားစုများမှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုရာတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်အလက်များနှင့် ၁၂-၇-၂၀၁၂ ရက်မှ ၁၂-၈-၂၀၁၂ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ လျှောက်ထားနိုင်ပါသည်။

၁။ လျှောက်လွှာ
၂။ အစည်းအရုံးဝင်ကတ်ပြား မူရင်း၊ မိတ္တူ
၃။ သန်းခေါင်စာရင်း မူရင်း၊ မိတ္တူ
၄။ နိုင်ငံသားမှတ်ပုံတင်အမှတ် မူရင်း၊ မိတ္တူ
၅။ စာမေးပွဲအမှတ်စာရင်း မူရင်း၊ မိတ္တူ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ၂၀၁၃ ခုနှစ် ပြက္ခဒိန်များကို ပုံနှိပ်လုပ်ငန်းရှင်များသို့ အပ်နှံထုတ်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပြက္ခဒိန်အမျိုးအစား	အရွယ်အစား
(က)	၂၀၁၃ ခုနှစ် အလှပြက္ခဒိန်	၂၀ လက်မ × ၃၀ လက်မ
(ခ)	၂၀၁၃ ခုနှစ် စားပွဲတင် ပြက္ခဒိန်	၆ လက်မ × ၉ လက်မ
(ဂ)	၂၀၁၃ ခုနှစ် ပညာပေးပြက္ခဒိန်	၁၅ လက်မ × ၂၀ လက်မ

၂။ တင်ဒါပုံစံများကို ၂၅-၇-၂၀၁၂ရက် ရုံးချိန်မှစတင်၍ ရောင်းချပေးမည်ဖြစ်ပြီး ၆-၈-၂၀၁၂ ရက် ၁၀း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် အောက်ဖော်ပြပါ လိပ်စာတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ရုံးအမှတ် ၁၅၊ နေပြည်တော်
ဖုန်း-၀၆၇ ၄၁၀၀၉၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)တွင် ၁၆၅ပေ×၈ပေ × ၅ပေ အကျယ် ကျောက်စီမြေထိန်းနံရံနှင့် မြေဖို့လုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၇-၂၀၁၂ရက်မှ ၂၇-၇-၂၀၁၂ရက်အထိ နေ့စဉ် ၁၀နာရီမှ ၁၆း၃၀ နာရီအထိ ရုံးချိန်အတွင်း ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၃၀-၇-၂၀၁၂ ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီ အတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၂၄၉၂တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
တာချီလိတ်လမ်း၊ ကျိုင်းတုံမြို့

တစ်ဦးတည်း ဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ကလော့ကျေးရွာအုပ်စု၊ ပန်းကုန်းကျေးရွာနေ ဦးပန်းရိုန်၏သမီး မအိအိဖြိုး ၁၀/ကမရ(နိုင်) ၁၁၅၂၆၀ နှင့် မအိဖြိုးဝေ ကျောင်းဝင်မှတ်ပုံတင်အမှတ်(၈၆/၀၉) တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအိအိဖြိုး(ခ)မအိဖြိုးဝေ**

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသော ပြည်တွင်းဂြိုဟ်တုစနစ် (MPT Satellite Terminals) အတွက် Extended C-Band Banwidth 10 MHz အား နိုင်ငံခြားငွေဖြင့် တိုးချဲ့ငှားရမ်းလိုပါသည်။

၂။ လက်ရှိဝန်ဆောင်မှုပေးနေသောစနစ်ဖြင့် ဆက်လက်အသုံးပြုနိုင်ရပါမည်။

၃။ Gate way နှင့် Remote Terminal များ၏ EL နှင့် AZ များပြောင်းလဲရမည်ဆိုပါက လိုအပ်ချက်များအား ပြည့်စုံစွာထည့်သွင်းဖော်ပြရန်နှင့် လက်ရှိဝန်ဆောင်မှု ပေးနေခြင်းအား ထိခိုက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခြင်းရှိရမည်ဖြစ်ပါ၍ ပြည့်စုံစွာ တင်ပြရပါမည်။

၄။ အချက်အလက်ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိပါက ငြင်းပယ်ခြင်းခံရမည်ဖြစ်ပါသည်။

၅။ အဆိုပြု စက်မှုပိုင်းဆိုင်ရာ အိတ်ဖွင့်တင်ဒါများကို ၂၆-၇-၂၀၁၂ရက်မှ ၆-၈-၂၀၁၂ရက်အထိ ရုံးချိန်များအတွင်း ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ အင်ဂျင်နီယာချုပ်ရုံး၊ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လာရောက်တင်သွင်းနိုင်ပါသည်။

၆။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ဆိုသည့်ရက်မှသာ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၁၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မွန်ပြည်နယ်၊ မုတ္တမမြို့(မုတ္တမဘူတာဟောင်း)ရှိ အမှတ်(၁)နှင့် အမှတ်(၂) ဆိပ်ခံဇောတံတား အဟောင်းပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့် နေ့ရက်** - ၁၆-၈-၂၀၁၂ ရက် (ကြာသပတေးနေ့)
အချိန် - ၁၃း၃၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်)ရန်ကုန်မြို့တွင် ၂၅-၇-၂၀၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး၊ ဖုန်း-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၃၂၃တို့သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

မြေကွက်များဝယ်လိုသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၄၄၈၀၂၅၇၄၂၊ ၀၉-၇၃၂၃၄၆၅၆၊ ၀၉-၇၃၂၂၉၉၆၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) အထက်ပန်းဆိုးတန်းလမ်း၊ ကွန်ဒို ပြင်ဆင်ပြီး ကျပ်သိန်း ၆၅၀
(၂) ဗိုလ်မြတ်ထွန်းလမ်း၊ ကွန်ဒို ပြင်ဆင်ပြီး ကျပ်သိန်း ၉၈၀

ဖုန်း-၀၉-၈၆၁၁၀၇၁၊ ၀၉-၄၂၁၁၀၃၆၉၄

City Taxi ငှားမည်

Suzuki R+ ၁ဂ/-----၊ Nissan Cedric CNG၊ နေ့မောင်း၊ တစ်လက်ကိုင်။

ဖုန်း-၀၁-၂၉၂၉၀၉၊ ၀၉-၅၁၃၃၄၃၂

အမည်ပြောင်း

ဦးသစ္စာ၏သား အထက(၂) ဒလမြို့ Grade -11 အခန်း (A)မှ မောင်ဇွဲသစ္စာဦးအား မောင်ဉာဏ်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဉာဏ်လင်းထက်

အမြန်ဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ် ၃၊ ခြံအမှတ် ၅တွင် နေထိုင်သော ဦးခင်မောင်လွင်(ခ)H-K ဘရူးဝါးနှင့် ဦးလှသွင်(ခ)P-K ဘရူးဝါး (လက်ထောက်ကထိက)YTCတို့သည် ကွယ်လွန်သွားသောကြောင့် သက်ဆိုင်သူ အောင်ထင်ကျော်၊ မိုးပုလဲသူဇာတို့နှင့် ကျန်ရှိပတ်သက်သူ ဆွေမျိုးတို့က ရာအိမ်မှူး ဦးသက်ဦး ဖုန်း-၀၉-၄၂၁၁၂၃၈၉၂၊ အမှတ်(၃)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးအေးထွန်း ဖုန်း-၀၉-၇၃၀၁၆၂၃၆ထံသို့ အမြန်ဆက်သွယ်ပါရန်။

ကျေးဇူးဆပ်ပါမည်

သွင်းကုန်လိုင်စင်အမှတ် MQIL 1 11-12 3719 23/11/2011 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးအေးကျော် ဖုန်း-၇၃၂၂၃၇၆၆

ပျောက်ဆုံး

ကျွန်တော် မောင်နိုင်ထက်အောင် ၏ Passport number 740716 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၁၀၆၀၉

Housing, Consumer Exhibition & Car Expo

နေ့ရက် - ၂-၈-၂၀၁၂ မှ ၅-၈-၂၀၁၂ထိ နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ (M.C.C)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။

ပြခန်းစုံစမ်းရန် - Paing Aung Business Group, Ph: 01-398515, 09-73100807, 09-43089011

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ဓါတ်ဆိုးသတ်နှင်းများ ဝယ်ယူလှူဒါန်းကြပါစို့

မန္တလေးမြို့နှင့် တောင်ကြီးမြို့ကြီးများသို့ ဈေးကွက်ချဲ့ထွင်လိုသောလုပ်ငန်းရှင်ကြီးများအတွက်ထူးခြားစွာကျင်းပမည့်ပြပွဲကြီးများ

မန္တလေးမြို့ **LIFESTYLE & AUTOMOBILE SHOW** တောင်ကြီးမြို့

9.8.12 မှ 12.8.12 မြို့တော်ခန်းမ

29.8.12 မှ 2.9.12 မြို့တော်ခန်းမ

SMART GROUP Ph: 01-527583, 09 730 14777

အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)
(၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြမည့် အလိုတော်ပြည့် ဆရာတော်နှင့် စာချ/စာသင်သံဃာတော် အပါး ၂၆၀ ကျော်တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ရန်အတွက် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၄ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၉-၇-၂၀၁၂ရက်၊ တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီ

ကျင်းပမည့်နေရာ - အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်

မှတ်ချက် - လှူဖွယ်ပစ္စည်းများကို အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ အသေးစိတ်သိလိုပါက ဂေါပကရုံး ဖုန်း-၀၁-၅၄၈၈၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
အလိုတော်ပြည့်ကျောင်းတိုက်
တာမွေမြို့နယ်၊ ရန်ကုန်

(1) Junction ... Ph:571545, 09-5126882

ပြည့်စုံအောင်

(Exclusive Bridal Creations)

Draping and Sewing Techniques for Lady's Wear

Lotus ဟိုတယ်သင်တန်းကျောင်း

Lotus Hospitality Training Center

(Front Office Operation Basic Course)

(Food & Beverage Operation Basic Course)

(Professional Bartendering Course)

(Housekeeping Operation Basic Course)

Hospitality English နှင့် Job Interview Training

Holiday

အမည်ပြောင်း

ဦးချစ်တင်၏သမီး မမိုးစန္ဒာလှိုင် ၉/ပမန(နိုင်)၂၃၁၆၈၉ အား မစံဦးမေဟု ပြောင်းလဲခေါ်ပါရန်။

မစံဦးမေ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၁၁၀၊ အလျားပေ၆၀×အနံ၄၄ပေ၊ (၀ဒသမ၀၅၆ကေ)ရှိမြေကွက်နှင့် အဆောက်အအုံကို ဦးကျော်ဇေယျမှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နုနု ၁၂/လမန(နိုင်)၀၄၉၁၅၄ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စာစာထွေး(LL.B, D.I.L)
အထက်တန်းရှေ့နေ
တိုက်-၁၀/၁၂၊ အခန်း ၁၀၄/F၊ ပထမထပ်၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၉၅၂၀၁

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဇီဝပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

25-7 (15).pmd 1 7/25/2012, 1:59 AM

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

25-7 (16).pmd 1 7/25/2012, 1:59 AM

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စည်သာကျေးရွာ၊ အနီးစခန်း (အထက)၊ နဝမတန်း(G)မှ မနှင်းထက်ထက်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၉/မမန(နိုင်)၀၀၃၀၉၆ ဖြစ်ပါသည်။ **ဦးမြင့်လွင်**

မြန်မာအဘိဓမ္မာကျမ်းရင်း ကုသိုလ်ဖြစ်အခမဲ့သင်တန်း

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်၏ **မြန်မာဘာသာဖြင့်အဘိဓမ္မာကျမ်းရင်း ကုသိုလ်ဖြစ်အခမဲ့သင်တန်း**ကို အောက်ပါအစီအစဉ်တိုင်း သင်ကြားပို့ချသွားပါမည်။ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။

ပို့ချမည့်အချိန် - အပတ်စဉ်(စနေ-တနင်္ဂနွေနေ့တိုင်း)၊
နံနက်(၀၈း၀၀-၁၁း၅၅၊ ၁၃း၃၀-၁၆း၀၅)နာရီ
ဩဂုတ် ၄-၈-၂၀၁၂ရက်မှ
အောက်တိုဘာ ၂၈-၁၀-၂၀၁၂ရက်အထိ။

ပို့ချမည့်နေရာ - အပြည်ပြည်ဆိုင်ရာအဘိဓမ္မတက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်းအတွင်း(ယခင်သမဝါယမတန်ဆောင်း)၊
မရမ်းကုန်းမြို့နယ်။ **အပြည်ပြည်ဆိုင်ရာအဘိဓမ္မတက္ကသိုလ်**

မင်းတုန်းအသင်း(ရန်ကုန်)တစ်ဆယ့်တစ်ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

မင်းတုန်းအသင်း(ရန်ကုန်)သည် တစ်ဆယ့်တစ်ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၂ ခုနှစ် ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်ဘုရားအနီး၊ ပတ္တမြားကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ မင်းတုန်းသူ၊ မင်းတုန်းသားများအားလုံး ကြွရောက်ချီးမြှင့်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများအား ဦးအောင်သိန်း ဖုန်း-၀၁-၉၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၀၁-၅၆၁၆၄၉၊ ဦးစိန်သန်း ဖုန်း-၀၁-၆၅၆၅၇၈၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၄၂၁၀၉၂၅၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သက်ဆိုင်သူများနှင့်အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ အမှတ် ၁၀၂၂၊ သုခမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင်နေထိုင်သူ ဒေါ်ညွန့် ၁၂/ဥကမ(နိုင်)၀၄၈၄၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေသည် အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသည့်အလျောက် မြေးဖြစ်သူ မသက်ဝေနှင်းနှင့် ၎င်း၏ခင်ပွန်း မောင်ပြည့်ဖြိုးဇော်တို့က မိဘအရင်းနှင့်မခြား လူမှုရေး၊ကျန်းမာရေးတို့ကို သားသမီးများအရင်းကဲ့သို့ ပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်းပြောဆိုသည်ကို အားကိုးယုံကြည်၍ နှစ်ဦးစလုံးအား ကိတ္တိမသားသမီးများအဖြစ် အမွေစားအမွေခံစာချုပ်ချုပ်ဆိုပေးခဲ့ရပါသည်။ ထို့နောက်ပိုင်းတွင် အခွင့်အရေးရရန်အတွက် သွေးဆောင်လှည့်ဖြားခဲ့ကြောင်းနှင့် အခြားအမွေခံအပါအဝင် မိမိကိုယ်တိုင်ကိုပါ ထိခိုက်နစ်နာစေကြောင်း သိရှိလာခဲ့ရပါသည်။ ထို့အပြင် ကျွန်ုပ်မိတ်ဆွေအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် ကျန်းမာရေးထိခိုက်ခံစားစေရန် ပြုလုပ်ဆောင်ရွက်တောင်းဆိုမှုများကြောင့် ကိတ္တိမသားသမီးများအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် တည်ဆဲဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းခိုင် LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံးရှေ့၊ ရန်ကုန်မြို့

ကျောင်းရေစက်ချနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

မုံလယ်တောရဓမ္မရိပ်သာအမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း ပဲခူးတွင် အလှူရှင်များလှူဒါန်းငွေဖြင့်ဆောက်လုပ်ပြီးသည့် သံဃာတစ်ပါးဆောင် သုံးခန်းတွဲ ကျောင်းဆောင်ရေစက်ချပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းဆောင်အလှူရှင်များနှင့် ဝါဆိုသင်္ကန်းကပ်လှူလိုသူများသည် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - မုံလယ်တောရဓမ္မရိပ်သာ၊ (၁၀)မိုင်ကုန်းပဲခူး
ကျင်းပမည့်နေ့ရက် - ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့။
၂-၈-၂၀၁၂ ရက် (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၃၀ နာရီ

ဝါတွင်းမုံလယ်တရားစခန်း

မိုးကုတ်ဝိပဿနာပြန့်ပွားရေး၊ မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း ပဲခူးတွင် ဝါတွင်းခုနစ်ရက်တရားစခန်းများကို ကျေးဇူးတော်ရှင်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းကျင်းပမည်ဖြစ်ရာ အသက်(၁၈)နှစ်နှင့်အထက် ကျန်းမာရေးကောင်းသူများ တရားစခန်းဝင်နိုင်ကြောင်း အသိပေးအပ်ပါသည်။ စခန်းဝင်ယောဂီများသည် အိပ်ရာလိပ်၊ အဝတ်အစားအပြည့်အစုံ၊ ယောဂီတဘက်နှင့် မှတ်ပုံတင်မူရင်းပါရှိရပါမည်။ အကြောင်းစုံသိရှိလိုပါက ဖုန်း-၀၉-၈၆၅၀၉၄၇နှင့် ၀၉-၈၆၁၇၅၆၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပထမပတ်တရားစခန်း - ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ ၁၄ရက်အထိ (၁၀-၈-၂၀၁၂ရက်မှ ၁၆-၈-၂၀၁၂ ရက်အထိ) ၉-၈-၂၀၁၂ရက် ညနေ၄နာရီထက်နောက်မကျဘဲ စခန်းသို့ရောက်ရှိရမည်။
ဒုတိယပတ်တရားစခန်း - ၁၃၇၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်မှ လကွယ်နေ့အထိ (၉-၉-၂၀၁၂ရက်မှ ၁၅-၉-၂၀၁၂ ရက်အထိ) ၈-၉-၂၀၁၂ ရက် ညနေ ၄ နာရီထက် နောက်မကျဘဲ စခန်းသို့ရောက်ရှိရမည်။
တတိယပတ်တရားစခန်း - ၁၃၇၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်မှ ၁၄ရက်အထိ (၈-၁၀-၂၀၁၂ ရက်မှ ၁၄-၁၀-၂၀၁၂ရက်အထိ) ၇-၁၀-၂၀၁၂ရက် ညနေ ၄နာရီထက် နောက်မကျဘဲ စခန်းသို့ရောက်ရှိရမည်။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) နဝမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာကာရိက၊ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုဏ္ဍလအားအမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်ဇာတိဖွား ကျောင်းထိုင်ဆရာတော်ကြီးများအား နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်၊ ၂၀၁၂ခုနှစ် ဩဂုတ် ၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံတွင်ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရမ်းဗြဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ထည့်ဝင်လိုသူများသည် အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၅၆၁၉၁၄၊ ဒုဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ အတွင်းရေးမှူး ဦးစိန်တင် ဖုန်း-၅၅၂၄၉၅၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၇၀၀၅၉၄ နှင့်ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၄၂၂၄၆တို့သို့ ထည့်ဝင်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ဦးမြဲလျှံထန် သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈(ပဲမှီကုန်း)၊ မြေကွက်အမှတ် ၇၆၊ ဧရိယာ ၂ ဒသမ ၄၅ဧကအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အစိတ်အပိုင်း အလျား×အနံ (၁၃၇×၉၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၆၂/ခ၊ အောင်မေတ္တာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်လျှန်ခန်ဒိမ်း(ခ)ပင်စီနှင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန်အတွက် လူကြီးမင်းမှလက်မှတ်ထိုးပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန်အကြောင်းကြားသိစေအပ်ပါသည်။ သတ်မှတ်ရက်အတွင်းဆက်သွယ်ဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာရုံးများတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောတာကပေါ LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၇၅၄၈၊ ၆၄၂၇၈၇

TPSS Steel Structure Construction

လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများကို နိုင်ငံတကာစံချိန်မီ ခေတ်မီဆန်းသစ်၍ ခိုင်ခံ့လှပသော ဒီဇိုင်းပုံစံများနှင့်ဆောက်လုပ်လိုပါက ဆောက်လုပ်ရေးအတွေ့အကြုံရှိသော အင်ဂျင်နီယာများနှင့် စိတ်ကြိုက်ဒီဇိုင်းထုတ်ပေးခြင်း၊ အခြေခံအုတ်မြစ်မှစ၍ အချောသပ်လုပ်ငန်းအထိ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန် တာဝန်ယူခြင်း၊ ခိုင်ခံ့မှုအတွက် စနစ်တကျတွက်ချက်ဆောင်ရွက်ပေးခြင်းတို့ကို တိကျမှန်ကန်သောဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

We Care for Your Satisfaction.

ဖုန်း-၀၉-၅၀၁၁၃၁၂၊ ၀၉-၈၆၂၁၇၇၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၇၊မြေကွက်အမှတ်ပ/၁၉၊မြေကွက်တည်နေရာအမှတ် ပ/၁၉၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်စောမြင့်၊ ဒေါ်စန္ဒာမင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စောမြင့်၊ ဒေါ်စန္ဒာမင်းတို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၄၇၁/၁၁ ၁၉-၈-၁၁ ဖြင့် ဒေါ်နီလာဝင်း ၁၃/လရန(နိုင်)၀၈၃၈၃၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချောက်မြို့နယ်အသင်း(ရန်ကုန်) စတုတ္ထအကြိမ်စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဩဂုတ် ၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ်(ဗဟန်းဈေးရှေ့)၊ ရေတာရှည်လမ်းရှိ မင်္ဂလာသီဂီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံးတက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးညိုမောင် (ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၉၀၀၀၉၊ ဒေါက်တာမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ-၁) ဖုန်း-၀၁-၅၅၄၀၆၇၊ ဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) (ဒုတိယဥက္ကဋ္ဌ-၂)ဖုန်း-၀၁-၅၂၄၈၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မိမိတို့လှူဒါန်းလိုသော အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အခမ်းအနားကျင်းပသည့်ရက်တွင် တစ်ပါတည်းယူဆောင်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နိုးဆော်ထားပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၉၊ မြေကွက်အမှတ် ၇၆၀၊ ဦးစိန်မောင်ဝင်းအမည်ပေါက် မြေငှားစာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါကကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်း တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းအား ပယ်ဖျက်ပြီး မြေချပါမစ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

နှစ်လပြည့်လွမ်းဆွတ်သတိရခြင်း ကိုညီလွင် (S.J, USA)

မိတ်ဆွေကြီးကွယ်လွန်သည်မှာ ၂၂-၇-၂၀၁၂ ရက်တွင် နှစ်လပြည့်မြောက်သည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါသည်။

ဦးမြင့်ဝေ-ဒေါ်ခင်သန်းရီမိသားစု
TAI PAN HOTEL(ရန်ကုန်)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မေအေး (သာယာဝတီ)

လူမှုထူးချွန် (တတိယဆင့်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၁၂/A၊ နတ်မောက်လမ်း၊ ကန်တော်ကြီးနေ(ဦးမောင်မောင်ရွှေ-ဒေါ်ခင်ခင်)တို့၏သမီး၊ ဗိုလ်မှူးချုပ်သောင်းတင်(ငြိမ်း)(ရေ)၏ဇနီး၊ ဗိုလ်မှူးမိုးဟိန်းတင်(ငြိမ်း)-ဒေါ်မြသီတာ၊ ဗိုလ်မှူးမိုးသက်တင်(ငြိမ်း)-ဒေါ်ယုနန္ဒာမြင့်၊ ဦးမိုးကျော်တင်-ဒေါ်ဝင်းမင်းထွန်း၊ ဒေါ်မိုးပပဝင်းတို့၏မိခင်ကြီး၊ မောင်ခန့်ဖွဲ့ဟိန်း(2nd year Singapore Polytechnic)၊ မောင်မင်းအလင်္ကာသက်တင်(Sec IV, ILBC)၊ မမြမျတ်သွယ်ဟိန်းတို့၏ဘွားဘွားသည် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၄း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ညွန့်ဝင်း(ခ)ဦးရွှေဘ

ဒုတိယညွှန်ကြားရေးမှူး(ပြည်နယ်အား/ကာ)၊ ကရင်ပြည်နယ်

အသက်(၅၇)နှစ်

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်ဝင်းသည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီးနှင့်
အရာထမ်း၊ အမှုထမ်းများ(အားကစားဝန်ကြီးဌာန)

ဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)

ကြည်း-၁၄၅၆၉၊ တေဇ(၅)၊ (လောပိတ)၊ ဌာနချုပ်မှူး

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

အသက်(၅၅)နှစ်

ပြည်မြို့၊ နဝင်းကွက်သစ်နေ ဦးခင်မောင်လေး-ဒေါ်သန်းမြင့်တို့၏သား၊ ကျောက်ကြီးမြို့နေ(ဦးအုန်းရှောင်-ဒေါ်မြရင်)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်စန်းစန်းခိုင်၏ညီ၊ ဦးဝင်းနိုင်(ညွှန်မှူး၊ ဆ/မ)-ဒေါ်မိမိခိုင်၊ ဦးဝင်းထူး-ဒေါ်နီနီသိန်း(ပြည်မြို့)တို့၏အစ်ကို၊ အမှတ် ၁၉၄၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်လှိုင်မွှေး၏ခင်ပွန်း၊ ဒေါက်တာသက်ပိုင်မျိုးဝင်း-ဒေါက်တာနီလာဇော်၊ ဒေါက်တာဖူးပွင့်မျိုးဝင်းတို့၏ဖခင်သည် ၂၃-၇-၂၀၁၂ ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)

ကြည်း-၁၄၅၆၉ (တေဇ-၅)

ဌာနချုပ်မှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်စန်းစန်းခိုင်၏ညီ၊ ဦးဝင်းနိုင်(ညွှန်မှူး၊ ဆ/မ)-ဒေါ်မိမိခိုင်တို့၏အစ်ကို၊ အမှတ် ၁၉၄၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်လှိုင်မွှေး၏ခင်ပွန်း ဗိုလ်မှူးကြီးမျိုးဝင်း(ငြိမ်း)သည် ၂၃-၇-၂၀၁၂ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးဦး-ဒေါ်တင်တင်မျိုး
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နန်းလှမူ (နိုဝင်ဘာမိခင်ကြီး) (အလုံ)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဆရာဆောင်းလမ်း အမှတ် ၃နေ (ဦးလုံးတင်-ဒေါ်ချောစိန်)တို့၏သမီး၊ (ဦးသာမြ-ဒေါ်လှရင်)တို့၏သမီးချွေးမ၊ ဦးသန်းလွင်(ခ)ဦးခွန်သန်းထက်လေး၏ဇနီး၊ ဦးခွန်စောနောင်(ခ)ကိုကျော်မိုး-မခင်နန္ဒာထွေး၊ ကိုအောင်ဖြိုးသူ-မပဟေမာဝင်း၊ မယွန်းသီရိမောင်တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၂ရက်(သောကြာနေ့)ညနေ ၄နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်အောင်သန်း

အထက(၂)ဗဟန်း (နန်းယန်)ကျောင်းသားဟောင်း

အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးဖေသန်းမောင်-တပ်မတော်(ရေ)-ဒေါ်ခင်ခင်သန်း]တို့၏သားငယ်၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးအေးခိုင်)-ဒေါ်သိန်းသိန်းခိုင်တို့၏သားသမက်၊ ဒေါ်ခင်လေးသန်း၊ (ဦးခင်အောင်သန်း)-ဒေါ်စန္ဒာညွှန့်သူတို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ အမှတ် ၄၂(ခ)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်အေးအေးခိုင်(Total E & P Myanmar)၏ခင်ပွန်းသည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ချွန်သိမ့် (မုံရွာ)

အသက်(၅၂)နှစ်

မုံရွာမြို့၊ ပွဲစားတန်းလမ်းနေ (ဦးလှ-ဒေါ်အေးကြည်)တို့၏သမီး၊ မြောင်မြို့၊ တောင်ရပ်နေ (ဦးဘကြွယ်-ဒေါ်ခင်စန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းနေ ဦးတင်ကိုကို (ဌာနခွဲ၊ အင်ဂျင်နီယာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ ကိုသာနိုင်တင်၊ ကိုဝင်းသော်တင်၊ ကိုအောင်မြတ်တင်-မဇာဖြူသဲ၊ ကိုရဲဂေါင်တင်တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (သန်လျက်စွန်းနေအိမ်နှင့်ဆိပ်ကမ်းရုံးချုပ်ရှေ့မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်(ခ) ဦးခင်မောင်လေး (ဖျာပုံ)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၃-A၊ ဘောက်ထော်မြို့နယ်၊အဝေရာလမ်းနေ(ဦးစံဘ-ဒေါ်စောန)တို့၏သား၊ ဒေါ်တင်ညွှန့်၏ခင်ပွန်း၊ ဦးအောင်ကျော်-ဒေါ်အေးသန္တာ၊ ဦးအောင်ကျော်မိုး-ဒေါ်ယဉ်မင်းခိုင်၊ ဦးရန်အောင်မင်း-ဒေါ်ဝင့်ဝါဍွေးတို့၏ဖခင်၊မောင်မင်းစစ်မာဏ်၊မောင်ဟိန်းဘုန်းထက်၊မောင်ဘုန်းသန့်အောင်၊မောင်ဘုန်းတည်ကြည်တို့၏အဘိုးသည် ၂၄-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၄၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တိုးစိန် (ဖြူးမြို့)

အသက်(၉၂)နှစ်

ဖြူးမြို့၊ ၂၇လမ်းနေ (ဦးဂွမ်စိန်-ဒေါ်ချို)တို့၏သမီးကြီး၊ ဒေါ်တိုးရင်၊ (ဦးတိုးမောင်-ဒေါ်သန်းသန်း)၊ (ဦးအုန်းရှိန်)-ဒေါ်တင်အုန်း၊ ဒေါက်တာဦးလှအောင်-ဒေါက်တာဒေါ်တင်အေး၊ (ဦးကြည်တင်)-ဒေါ်ခင်ဝင်းတို့၏အစ်မကြီး၊ တူ၊ တူမ ၂၁ယောက်တို့၏ကြီးကြီးသည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ဖြူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ဖြူးမြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဘစိုး (ပုလော)

အသက်(၉၁)နှစ်

အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်အုန်းသွင်(ငြိမ်း)-ဒေါ်စန်းစန်းနွယ်တို့၏ချစ်လှစွာသောဖခင် ဦးဘစိုးသည် ၂၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ
ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ

ဒေါ်ခင်မေ (ကျောက်ဆည်)

အသက်(၈၇)နှစ်

ကျောက်ဆည်မြို့၊ ညောင်ခြောက်ပင်ရပ်နေ (ဦးလှလေး)၏ဇနီး၊ ဦးမြင့်ဆွေ-(ဒေါ်ဝင်းကြည်)(ချမ်းသာ သံပန်း၊သံဂဟေလုပ်ငန်း)၊ ဦးမြင့်ဝေ (လက်ထောက်အင်ဂျင်နီယာ၊ စက်မှုလယ်ယာ၊ အင်းကုန်း)-ဒေါ်အေးအေးသိန်း၊ ဦးစိုးလွင်မြင့်(လက်ထောက်အင်ဂျင်နီယာ၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်တင်မိုးခိုင်(ကောင်းကောင်း အထည်နှင့်စတိုး)တို့၏မိခင်သည် ၂၃-၇-၂၀၁၂ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၂ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချစ်သာ အသက်(၈၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့်ဇနီး ဒေါက်တာခင်မာမာတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးချစ်သာသည် ၂၄-၇-၂၀၁၂ရက်တွင် မြင်းမူမြို့နယ် သဲကူရွာ၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်
အရာထမ်း အမှုထမ်းများ၊ ပညာရေးမိသားစုများ
အမှတ်(၃)အခြေခံပညာဦးစီးဌာန

ဒေါ်လှကြည် (ကျန်းမာရေးဆရာမ၊ ငြိမ်း)

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်ကျေးရွာ၊ ဂန္ဓမာလမ်း၊ ခြံအမှတ်(၃)နေ (ဦးယောလှ-ဒေါ်စောမြ)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးအောင်နိုင်ဝင်း-ဒေါ်နုနုဝင်း၊ ဦးမိုးသူသန်း-ဒေါ်နှင်းသီတာဝင်း၊ ဦးဇော်ဝင်းစိုး-ဒေါ်မိုးစန္ဒာဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၂ရက် ညနေ ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်အုန်းမြ (မန္တလေး)

အသက်(၈၀)

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သရဖီအိမ်ရာ၊ တိုက်အမှတ် ၄၃၅၉၊ အခန်း ၁၂နေ (ဦးဘခင်-ဒေါ်ကံတင်)တို့၏သမီး၊ (ဦးကျော်ဆွေ)၏ဇနီး၊ ဦးတင်ယု-ဒေါ်တင်မြင့်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းဝေ၊ (ဦးဇော်မြင့်-ဒေါ်ချိုချိုမာ)၊ ဦးခင်ဇော်-ဒေါ်စန်းစန်းဝေ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်သီတာဆွေ(လဝကရုံးချုပ်၊ နေပြည်တော်)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာဦးမြတ်စိုး (ခ) Peter Aung (U.K)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာယာဝတီလမ်း၊ အမှတ် ၁၇(B_4)နေ (ဦးထွန်းအောင်)-ဒေါ်ခင်လှတို့၏သားကြီး၊ ထားဝယ်မြို့နေ(ဦးကျော်မင်း-ဒေါ်ခင်စော)တို့၏သားသမက်၊ ဒေါက်တာဒေါ်သိန်းသိန်း(U.K)၏ခင်ပွန်း၊ ဦးကျော်ထွန်းစိုး-ဒေါ်သီရိမို(U.K)၊ ဦးထွန်းမင်းစိုး-ဒေါ်Stacy(U.S.A)၊ ဦးရဲဝင်းစိုး-ဒေါ်ယဉ်ယဉ်အေး(U.K)တို့၏ဖခင်၊ မောင်သီဟစိုး၊ မောင်အာကာစိုး(U.K)တို့၏ဘိုးဘိုးကြီး၊ ဒေါ်စန်းစန်း၏မောင်၊ ဦးခင်မောင်ဝင်း-ဒေါ်ညွှန့်ညွှန့်ကျော်၊ ဦးအောင်ဝင်း-ဒေါ်နီနီလှ၊ ဒေါ်အေးအေးချစ်၊ ဒေါ်အေးအေးစိန်၊ ဦးဌေးလွင်ကျော်၊ ဒေါ်မာမာစိန်တို့၏အစ်ကိုကြီး၊ ဒေါ်နှင်းနှင်းအေး(ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီးသည် Liver Pool မြို့၊ MARE CURE HOSPICE တွင် ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) ဗြိတိန်စံတော်ချိန် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့)နံနက် ၉နာရီတွင် Liver Pool မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မြင့် အသက်(၄၉)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဌာနမှ ဦးတင်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး)သည် ၂၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငွေကြေးဌာနညွှန်ကြားရေးမှူးနှင့် အရာထမ်း၊အမှုထမ်းဝန်ထမ်းမိသားစုများ

ဒေါ်ချောနွယ်အောင်(ခ)မနွယ်

အသက်(၄၃)နှစ်

ဒိုက်ဦးမြို့နယ်၊ အောင်ဘာလေကျေးရွာနေ ဦးစံရှိန်-(ဒေါ်ခင်စန်းရွှေ)တို့၏သမီး၊ တိုက် ၁၄၊ အခန်း ၄၀၂၊ မြနန္ဒာအိမ်ရာ၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်နေ ဦးရွှေချို-ဒေါ်စန်းရီတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ၂၄ခန်းတွဲ၊ အခန်း ၂၁၊ အဏ္ဏဝါရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်(တပ်မတော်-ရေ)၏ဇနီး၊ မောင်မင်းညီရှိန် [နဝမတန်း(က)၊ ထ-၂၊ ဒဂုံ]၊ မယဉ်မင်းစံ [ဆဋ္ဌမတန်း(ဂ)၊ ထ-၂၊ ဒဂုံ]တို့၏မိခင်သည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) ည ၇း၃၃နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် (တနင်္လာနေ့)တွင် အဏ္ဏဝါရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးဘစိုး (ပုလော)

အသင်းဝင်အမှတ်(၂၀၃)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း၊ မြမဥ္ဇူလမ်း၊ အမှတ် ၅၆/၅နေ (ဒေါ်နီ)၏ခင်ပွန်း၊ ဦးအုန်းသွင်-ဒေါ်စန်းစန်းနွယ် (အမှုဆောင်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏ဖခင်သည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၅း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျေးလှ (ဒိုက်ဦး)

အသက်(၈၃)နှစ်

ဒိုက်ဦးမြို့၊ မင်းလမ်းနေ (ဦးသာလှ)၏ဇနီး၊ ဦးဝင်းလွင် (စက်မှု-၁၊ ငြိမ်း၊ မန်နေဂျာ၊ Yangon Crown Co.,)-ဒေါ်စိမ်းကြည်(အထပြ၊ ငြိမ်း)၊ (ဦးဝင်းကြည်)၊ဒေါ်ခင်စန်း(ကျောင်းအုပ်၊အထက၊ ပွဲနတ်တန်ဆာ)၊(ဦးကြည်စိုး)၊(ဦးဝင်းဆွေ)-ဒေါ်တိုးရီ(အထပြ၊ အထက-၁၊ ပဲခူးမြို့)၊ ဦးထွန်းညွန့်-ဒေါ်ခင်ဌေးဝင်း (ကျောင်းအုပ်၊ မူလွန်နတ်ကင်း)၊ဦးသက်ခိုင်(1/E S.B Marine Shipping)၊ ဒေါ်နုနုရင်၊ ဦးမင်းခိုင်(3/E TIDE WATER Co.,) - ဒေါက်တာခိုင်ခိုင်ညို (နတ္တလင်းဆေးရုံ)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၂ရက် မွန်းလွဲ ၁း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ရာဇဓိရာဇ်လမ်း၊ တိုက်အမှတ် ၃၁ (ငါးလွှာ)မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

ဦးမြင့်မွှန်(ခ)ဦးလှမျိုး

အသင်းဝင်ကန်တော့ခံ

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊မြင်သာ ၂လမ်း၊အမှတ် ၁၅၂/၂နေ ဒေါ်ခင်မေ၏ခင်ပွန်းသည် ၂၁-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးအုန်းခင်

နယ်စပ်ကုန်သွယ်ရေး(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၁)လမ်း(ဝဲ)၊ အမှတ် ၁၄နေ(ဦးစံမင်း-ဒေါ်ငွေကျင်)တို့၏သား၊ ဦးထွန်းမြင့်(စား/ထွေ၊ ငြိမ်း)၏ညီ၊ ဒေါ်စောစောမြ၏ခင်ပွန်း၊ ဦးဝင်းမင်းဦး-ဒေါ်သီတာဝင်း (သီတာဝင်း အထည်ဆိုင်၊ မင်္ဂလာဈေး)၊ဦးဝင်းမင်းလတ်(ခေတ္တ-စင်ကာပူ)၊ ဦးဇော်မင်းလတ်-ဒေါ်လွင်လွင်အောင် (အထက-၄၊ ရွှေပြည်သာ)၊ ဦးဝင်းထိန်-ဒေါ်ခင်မင်းမင်းထွေး(ထူးလှတော်ဝင်အထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏ဖခင်၊ မခေတ်သံစဉ်၊ လိန်းလိန်းတို့၏အဘိုးသည် ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၁၁း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှကြိုင်(ခ)ဦးဘိုဝ

အသက်(၆၈)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်နေ (ဦးစိန်-ဒေါ်တင်မှီ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်နေ (ဦးအောင်ပြေ - ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၄)ရပ်ကွက်၊ သီဂီ ၃လမ်း၊ အမှတ် ၃၅၅နေ ဒေါ်ရင်ရွှေ၏ခင်ပွန်း၊ ဒေါက်တာမိုးသူ(ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ခင်မြဦး၊ ဦးချစ်ဆွေ-ဒေါ်တင်တင်ထွေး၊ မလဲ့လဲ့ဝင်း၊ ဦးမြင့်နိုင်(လျှပ်စစ်အင်ဂျင်နီယာမှူး၊ Bell Ship Co., Ltd.) - ဒေါ်အေးအေးသင်းတို့၏ဖခင်သည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်ဩဝါဒါစရိယ

ဘဒ္ဒန္တဥတ္တမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ညောင်တုန်းမြို့၊ သာသနာလင်္ကာရ ကျောင်းကြီးကျောင်းတိုက်

သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ သာသနာလင်္ကာရကျောင်းကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲ မဟာနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမာစာရ မဟာထေရ်သည် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) ၁-၈-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့မှ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တရေဝတ (ရေစကြို)

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ်(၂)ရပ်ကွက်၊ မန္တလေးကျောင်းတိုက် ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တရေဝတ (သာသနဓဇ ဓမ္မာစရိယ)ဆရာတော်သည် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) ည ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

စျာပနကော်မတီ၊ သုံးခွမြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးပန်းလှိုင် (လှိုင်ပရိဘောဂ) (မော်လမြိုင်-မုဒုံ)

အသက်(၈၃)နှစ်

(ဦးအံ့ကြီးမောင်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ (ဦးဘသောင်း-ဒေါ်သိန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ ခြံအမှတ် ၁၁နေ ဒေါ်သောင်းကြည်၏ခင်ပွန်း၊ ဦးလှမြင့်ဦး၊ ဦးခင်မောင်ဦး(MD၊ အောင်သရဖူအေဂျင်စီ)-ဒေါ်အေးစုလှိုင်(ဒု-ဥက္ကဋ္ဌ၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အထက-၃၊ ဒဂုံကျောင်းသူဟောင်း)၊ ဦးမျိုးသိန်း(ခ)ကိုကိုမောင်(Fuji Furukawa E&C Myanmar)-ဒေါ်တင်တင်အေး၊ ဦးခင်အောင်နိုင်-ဒေါ်အေးအေးဝင်းတို့၏ဖခင်ကြီး၊ မဟေမာဦး(Grape City Co., Ltd.)၊ Mr. Cameron Murrary-ဒေါ်စုလဲ့ရည်မွန်သဲ(UK)၊ မစုလဲ့မြတ်နိုးဦး(III-MB ဆေး-၁)၊ မခင်ရတနာလှိုင်(ABE, HD Part I)၊ မမေမြတ်မွန်(ပ-နှစ်၊ အင်္ဂလိပ်စာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဖြိုးခန့်ကို(Grade-I, TTC၊ ကမာရွတ်)တို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၂ရက် နံနက် ၁၁း၃၀နာရီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်း နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်မြင့် (မော်လမြိုင်)

အသက်(၈၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် ၁၁၂၊ ဈေးကြိုဆန်တန်းရပ်နေ (ဦးလွန်းမောင်-ဒေါ်အေးမြိုင်)တို့၏သမီး၊ (ဦးခင်မောင်နိုင်) - ဒေါ်အေးရင်တို့၏ညီမ၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ နဝရတ်လမ်းသွယ်၊ အမှတ် ၂၈-I နေ ဒေါ်ခင်လဲ့လဲ့နိုင်(မွန်ပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့)၊ ဦးဇော်လင်းနိုင်(PCL, Singapore)၊ ဒေါ်ခင်သင်းသင်းနိုင် (အင်ဂျင်နီယာဌာန၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏ မွေးစားမိခင်(အဒေါ်)သည် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (သုမင်္ဂလာ နဝရတ်လမ်းသွယ် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မသူဇာဝေလင်း (ဒေးဒရဲ)

အသက်(၂၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာနေ(ဦးလှအောင်-ဒေါ်ပျော့)၊ လှိုင်သာယာမြို့နယ်နေ(ဦးစိန်မောင်-ဒေါ်ခင်စိုး)တို့၏မြေး၊လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊အမှတ်(၁)မန္တလေးလမ်းမနေ (ဦးဌေးဝင်းမြင့်အောင်)-ဒေါ်လှလှဝေတို့၏သမီး၊ကိုသူရဝေလင်း၊ကိုကျော်ခန့်ဝေလင်း-မနှင်းသက်ဝေတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်မြအေးနွယ်၊ ဦးအောင်သန်းမြင့်(ဥက္ကဋ္ဌ၊ ဒေးဒရဲမြို့နယ်အသင်း၊ရန်ကုန်)-ဒေါ်ခင်ရီ၊ ဦးသိန်းအေး-ဒေါ် အေးမြင့်ကြည်၊ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်ခင်၊ ဦးဝင်းမြင့်အောင် (အမေ့သားဂုဏ်ရောင် ဆန်စက်၊ ချောင်းဖျားကျေးရွာ၊ ဒေးဒရဲ)-ဒေါ်တင်တင်ဝင်းတို့၏တူမသည် ၂၄-၇-၂၀၁၂ရက် နံနက် ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၇၊အဝေရာလမ်း၊(၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းမောင် (မြင်းခြံ)

(ဒုရဲမှူးကြီး၊ ငြိမ်း)

အသက်(၈၈)နှစ်

မြင်းခြံမြို့နေ(ဦးဘိုးကြည်-ဒေါ်သာရီ)တို့၏သား၊ (ဒေါ်မူ)၊ (ဦးဘိုမောင်-ဒေါ်နွဲ့နွဲ့)၊ (ဒေါက်တာဘိုသောင်)-ဒေါ်ခင်မြသွင်တို့၏ညီ/မောင်၊ ဦးထွန်းနိုင် (C/E Wallenius Marine S'pore)-ဒေါ်အေးအေးသန်း(MRTV- ငြိမ်း)၊ ဦးဇော်ဝင်း(ခေတ္တ-စင်ကာပူ) - ဒေါက်တာငြိမ်းငြိမ်းအေး၊ ဦးကျော်ညွှန့်-ဒေါ်သီတာသန်း၊ ဒေါက်တာဇင်လင်းထိုက်(ခေတ္တ-UK)-ဒေါ်စန္ဒာသန်းတို့၏ဖခင်၊ ၃၄(စီ)၊ စမ်းရေတွင်းလမ်းသွယ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်စန်းသွင်၏ခင်ပွန်း၊ မောင်ဖြိုးပြည့်စုံ၊ ငြိမ်းဝတ်ရည်ဇော်၊ ချစ်စုထွန်းနိုင်၊ သဲရတနာချော၊ မောင်မိုးပြည့်စုံတို့၏အဘိုးသည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရီရီ (ကျောက်ဖြူမြို့)

အသက်(၇၂)နှစ်

ကျောက်ဖြူမြို့နေ (ဦးမောင်သာ-ဒေါ်ကြာလှ)တို့၏သမီး၊ (ဆရာမကြီးဒေါ်ညွှံ့သာ)၊(ဒေါ်စောသာ-ဦးအောင်သာထွန်း)တို့၏ညီမ၊ (ဦးတင်အေး၊ ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဦးအောင်ဆန်းထွန်း၊ ဦးအောင်ဇော်ထွန်း-ဒေါ်အေးလှိုင်၊ဦးကျော်အေး-ဒေါ်တင်မုမုအေး၊ ဦးချစ်ကိုကို-ဒေါ်တင်စိုးမိုးအေးတို့၏မိခင်၊ မောင်ထွန်းအောင်လှိုင်၊ မနွေသက်ထားကျော်အေး၊ မောင်သူရအောင်၊ မောင်မင်းခန့်ကိုတို့၏အဘွားသည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) ည ၁၀း၂၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တာမွေ ကျောက်ဖြူအသင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။ ခြံအမှတ် ၁၊အသံလွှင့်ရုံလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

25-7 (19).pmd 1 7/25/2012, 1:59 AM

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၅)ဦးတို့ တက်ရောက်ကြသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ဆန်စပါးဈေးကွက်တည်ငြိမ်ရေး၊ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာရေးနှင့်ဓာတ်မြေဩဇာများတွင် ဓာတ်အားစစ်ဆေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားရာတွင် ပြည်ပပို့ကုန်ဝင်ငွေတိုးတက်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဆန်ဈေးကောင်းရရှိကာ ပို့ကုန်တင်ပို့နိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများဖွဲ့စည်းပြီး မျိုးကောင်းမျိုးသန့်စပါးများကို

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

စမ်းသပ်စိုက်ပျိုးလျက်ရှိပါကြောင်း၊ ပြည်ပဈေးကွက်သို့ ဆန်အရည်အသွေးပြည့်မီစွာ ထိုးဖောက်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက အခြားနိုင်ငံများမှ နည်းပညာယူပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် မိမိနိုင်ငံ၏ ဆန်အရည်အသွေးပိုင်း အားနည်းချက်ကြောင့် အခြားနိုင်ငံများမှ ရရှိသည့်ဈေးနှုန်းထက် လျော့နည်းလျက်ရှိသဖြင့် ပြည်ပဆန်များ၏ ဈေးနှုန်းနှင့် ယှဉ်ပြိုင်ရောင်းချနိုင်သည့် အရည်အသွေးကောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်မှုကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးစခန်းအသီးသီးမှ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ထွက်ရှိသော ဆန်စပါးများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပါကြောင်း၊ ယင်းသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်းထက် ဈေးနှုန်းပိုမိုရရှိခြင်း၊ တစ်ဖက်နိုင်ငံဝယ်သူလက်သို့ အချိန်မီတင်ပို့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိပြီး မိမိနိုင်ငံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ မိမိနိုင်ငံအတွင်း ပို့ကုန်တင်ပို့ရောင်းချသည့် ကုမ္ပဏီများအတွက် ပိုမိုအကျိုးအမြတ် ဖြစ်ထွန်းမှုရှိပါကြောင်း၊ တောင်သူများ ရသင့်ရထိုက်သည့် ဈေးနှုန်းရရှိစေရန် ရည်ရွယ်ပြီး ဈေးနှုန်းတစ်ခုသတ်မှတ်၍ အရန်ဆန်အတွက် စပါးဝယ်ယူရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်မှငွေကျပ် (၁၀)ဘီလီယံ၊ ဗဟိုသမဝါယမအသင်းမှ ငွေကျပ် (၁၀)ဘီလီယံ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ငွေကျပ် (၁၀)ဘီလီယံ၊ စုစုပေါင်း ငွေကျပ် (၃၀)ဘီလီယံ ရင်းနှီးမတည်ပြီး နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်း၍ စပါးများဝယ်ယူပေးခဲ့ပါကြောင်း၊ စပါးဝယ်ယူရာတွင် မိုးစပါးကို

စာမျက်နှာ ၆ ကော်လံ ၁ ❖

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၅)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကိုဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ ပြုမူနေသော ယာဉ်၊ လူ၊ တိရစ္ဆာန်များအား အမြန်လမ်းစည်းကမ်းထိန်း လုံခြုံရေးအဖွဲ့များ ဖွဲ့စည်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစံထွန်း၏ **"ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများ ပြန်လာရေးအတွက် တိကျသည့် ပြဋ္ဌာန်းချက်တစ်ရပ် သို့မဟုတ် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းသွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၏ **"တနင်္သာရီမြို့နယ် မောတောင်နယ်မြေ အခက်အခဲများကို ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ဖြေကြားရာတွင် **ပထမမေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းနိုင်ရန် သတိပေးဆိုင်းဘုတ်များ၊ လမ်းညွှန်အမှတ်အသားများကို ပြုလုပ်မွမ်းမံပေးလျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွင် အင်ဂျင်နီယာချုပ်(လမ်း)က ကြီးကြပ်ပြီး အင်ဂျင်နီယာမှူးကြီး (မြို့ပြ)ဦးစီး (၂၅)ဦးနှင့် (၁၂)မိုင်ကို အငယ်တန်းအင်ဂျင်နီယာ(၁)ဦးစီ ပါရှိသည့် အဖွဲ့တစ်ဖွဲ့စီ ထားရှိပြီး မတော်တဆမှုများကို ကူညီဆောင်ရွက်နိုင်ရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမြန်လမ်းမကြီး စည်းကမ်းထိန်းသိမ်းရေး ညွှန်ကြားချက်များနှင့်အညီ ယာဉ်များ မောင်းနှင်ရန်အတွက် လုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်လျက်

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှိပါကြောင်း။

ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ယာဉ်မတော်တဆထိခိုက်သေဆုံးမှု လျော့နည်းကျဆင်းရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အမှတ်(၃)လမ်းတွင် (က)အဆင့် ရဲစခန်းအသစ်နှင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရားတောင်ရွာတွင် (က)အဆင့် ရဲစခန်းအသစ်၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဘီလာရုစ်နိုင်ငံ ပြည်တွင်းဖြစ် ပထမဆုံးဂြိုဟ်တုလွှတ်တင် စာ-၄



ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ စာ-၅
မြင့်မားတိုးတက်ရေး ကျေးရွာများအရောက် ကွင်းဆင်းသွားရောက် ဖြည့်ဆည်းကူညီ

(၁၄)ကြိမ်မြောက် The Teen Choice Awards ဆုများ ချီးမြှင့် ရုပ်ရှင်မင်းသမီး အမ်မာစတုန်းဆွတ်ခူးရရှိ စာ-၆

မိုဘိုင်းလ်ဖုန်းများ ဈေးနှုန်း ကျဆင်းရန် ယခုနှစ်အတွင်း အလားအလာမရှိနိုင် စာ-၁၀